# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၇) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဘွဲ့ရအမျိုးသမီးပိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပပြုလုပ်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်းအား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ရှိတက်အလေးပြုစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ဒီဇင်ဘာအားကစားလနှင့် အားကစားစိတ်ဓာတ်

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိသည့်အနက် ဆောင်းဥတုကာလသည် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့ဖြစ်သည်။ ၎င်းလများတွင် ဒီဇင်ဘာလသည် အအေးဆုံးလဖြစ်သောကြောင့် ကိုယ်လက်လှုပ်ရှားမှုကို မဖြစ်မနေပြုလုပ်သင့်သည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

အားကစားပြုလုပ်ခြင်းကြောင့် ရရှိသည့် ပထမဆုံးအကျိုးကျေးဇူးသည် မိမိတစ်ကိုယ်ရေကျန်းမာရေးကောင်းကျိုးပင်ဖြစ်သည်။ ထို့မှတစ်ဆင့် အသင်းအဖွဲ့နှင့်ကစားရသည့်ပြိုင်ပွဲများတွင် အချင်းချင်းစည်းလုံးညီညွတ်မှုကိုဖြစ်ပေါ်စေပြီး စုပေါင်းစိတ်ဓာတ်ကို ရရှိစေသည်။

အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခြင်းပင်ဖြစ်သည်။ အားကစားကို တစ်ဦးချင်း သို့မဟုတ် စုပေါင်းဆောင်ရွက်ကြခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာကောင်းများ ရှင်သန်ထက်မြက်လာစေသည်။ ထို့ကြောင့် ယခု ဒီဇင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများကို သိုက်သိုက်ဝန်းဝန်းကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသားဖူဆယ်ပြိုင်ပွဲတို့ကို ရက်အလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပေသည်။

အားကစားဆိုသည်မှာ ပြောင်းလဲလာသည့်အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်လာနေပြီဖြစ်သည်။ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်သည်။ အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်စေသည်။

သို့ဖြစ်ရာ အားကစားပြုလုပ်ခြင်းသည် တစ်ကိုယ်ရေကျန်းမာရေးကောင်းမွန်စေသည့်အပြင် အသင်းအဖွဲ့နှင့် ယှဉ်ပြိုင်ကစားခြင်းဖြင့် အချင်းချင်းစည်းလုံးညီညွတ်မှုဖြစ်စေပြီး စုပေါင်းစိတ်ဓာတ်ကို ရရှိစေသည်။ ဒီဇင်ဘာလအားကစားပွဲများကို အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာမှ မျိုးဆက်သစ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွက်လာမှုနှင့်အတူ မြန်မာ့အားကစားကဏ္ဍလည်း ကမ္ဘာ့အဆင့်မီတိုးတက်မှုများ မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ဧရာဝတီမြစ်အတွင်း မန္တလေး၊ မင်းကွန်း၊ ရွှေကြက်ယက်အနီးတွင် သောင်ထွန်းမှုများဖြစ်ပေါ်နေ၍ သင်္ဘောများ သတိပြုသွားလာသင့်ဟုဆို



**မန္တလေး ဒီဇင်ဘာ ၂၇**

ဧရာဝတီမြစ်အတွင်း မန္တလေး၊ မင်းကွန်း၊ ရွှေကြက်ယက်အနီးတွင် သောင်ထွန်းမှုများ ဖြစ်ပေါ်နေ၍ ရေလမ်းကြောင်း အသုံးပြုသည့် သင်္ဘောများ သတိပြုသွားလာသင့်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာချက်အရ ဧရာဝတီမြစ်ရေမှာ မန္တလေးမြို့တွင် ၃၀၅ စင်တီမီတာဖြစ်ပြီး မန္တလေးမြို့၏ ဧရာဝတီမြစ် ရေနည်းသတိပေးအမှတ်မှာ စင်တီမီတာ ၃၆၀ ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေက မန္တလေးမြို့မှာ ရေနည်းသတိပေးမှတ်အောက်ကို ရောက်နေတာကြောင့် မန္တလေး၊ မင်းကွန်း၊ ရွှေကြက်ယက်အနီးမှာ သောင်ထွန်းတာတွေဖြစ်ပေါ်နေလို့ မန္တလေးဆိပ်ကမ်းကနေ ရေလမ်းကြောင်း အသုံးပြုသွားလာမဲ့ ကုန်တင်သင်္ဘော၊ ခရီးသည်တင်သင်္ဘောနဲ့ ရှပ်ပြေးအမြန်ရေယာဉ်တွေအနေနဲ့ သတိပြုသွားလာသင့်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ မင်းကွန်းဘက်သို့ သွားလာကြမည့် ကုန်တင်သင်္ဘောများနှင့် ခရီးသည်တင်သင်္ဘောများအနေဖြင့် ရေလမ်းညွှန်ဌာနက စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

ယခုအခါ ဧရာဝတီမြစ်ရေကျဆင်းလျက်ရှိပြီး ရေနည်းချိန်ကာလသို့ ရောက်ရှိနေကြောင်း၊ နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်ထိကို ရေနည်းကာလအဖြစ် သတ်မှတ်ထားပြီး ရေနည်းချိန်ကာလအတွင်း ရေယာဉ်များ သောင်တင်ခြင်း၊ ရေလမ်းကြောင်းအတွင်း မတော်တဆဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရန် ရေလမ်းအသုံးပြုသူများက မိမိရေယာဉ်၏ ဝန်တင်ရေစူးကို ရေကြောင်းအခြေအနေပေါ်မူတည်၍ သတ်မှတ်ထားသော ရေစူးကန့်သတ်ချက်နှင့်အညီ တင်ဆောင်ပြီး စနစ်တကျ ခုတ်မောင်းကြရန် လိုအပ်ကြောင်း ဦးရဲထွန်းလင်းအောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# စိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်ယာသုံးစက်ကိရိယာဝယ်ယူရန် တောင်သူများကို ချေးငွေထုတ်ချေးပေးသွားမည်

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းအတွက် လယ်ယာသုံးစက်ကိရိယာဝယ်ယူရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် JICA (Two Step Loan) ချေးငွေ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ တောင်သူများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်း၍ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းတွင် လျင်မြန်ချောမွေ့ပြီး လုပ်ငန်းများ တွင်ကျယ်လာစေရန် ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာဖြစ်သည့် လယ်ထွန်စက်ကြီးတစ်စီးလျှင် ငွေကျပ်သိန်း ၇၀၀ ဖြစ်ကြောင်း၊ ကနဦးအနေဖြင့် တောင်သူငါးဦးကို ငွေကျပ်သိန်း ၇၀၀ စီထုတ်ချေးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) လိုအပ်ပြီး အရစ်ကျစနစ်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း တောင်သူတွေအနေနဲ့ လယ်ယာသုံးထွန်စက်ကြီးတွေကိုဝယ်ယူနိုင်ဖို့အတွက် ချေးငွေ ထုတ်ချေးပေးသွားမှာပါ။ တောင်သူတွေအတွက် လိုအပ်တဲ့ လယ်ယာထွန်စက်တွေ၊ လက်တွန်းထွန်စက်တွေ စတဲ့ပစ္စည်းတွေကို ဝယ်ယူဖို့ ချေးငွေတွေကို စဉ်ဆက်မပြတ် ထုတ်ချေးပေးနေပါတယ်။ တောင်သူတွေ အရင်က မိရိုးဖလာအစဉ်အဆက် လုပ်ကိုင်လာကြတဲ့ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို အသွင်ကူးပြောင်းလာနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် အချိန်တိုကာလအတွင်း ဆောင်ရွက်နိုင်သည့်အပြင် စိုက်ပျိုးချိန်လည်း အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ အဝင်နည်းလာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ အဝင်နည်းလာခြင်းကြောင့် ကုန်စည်လက်ကျန်နည်းပါးလာ၍ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ တရုတ်နိုင်ငံဘက်က တင်သွင်းသည့် တရုတ် ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း နည်းပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်နိုင်ငံဘက်က တင်သွင်းတဲ့ ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်းအဝင်နည်းလာတယ်။ ဒါ့ပြင် ဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူကုန်ပစ္စည်းလက်ကျန်က သိပ်မရှိတော့ဘူး။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန်နည်းပါးလာပြီး ဈေးကောင်းပြန်ရလာပါတယ်။ မန္တလေးဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူတွေက လက်ကျန်သိပ်ပြီးမရှိတော့တာကြောင့် ဈေးက မြန်မြန်ပြီးတည်ငြိမ်သွားဖို့ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလဒုတိယပတ်က တရုတ်နိုင်ငံဘက်က တင်သွင်းသည့် တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဒီဇင်ဘာ ၂၆ ရက် ပေါက်ဈေးအရ မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၉ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**စလင်း ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ဖောင်းလင်း-ငွေတောင်-မကျီးပင်ပုကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖောင်းလင်း-ငွေတောင်-မကျီးပင်ပုကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၉၅၉ သန်းဖြင့် ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကျေးရွာကုန်ထုတ်လမ်း အရှည် ၂ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ Pipe Culvert သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းများကို တော်ဝင်ထွန်းကုမ္ပဏီက အောက်တိုဘာ ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၈၁၉ အိမ်၊ လူ ၃၄၃၆ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော သီးနှံများ ဈေးကွက်သို့ လျင်မြန်စွာ ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။ **စင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တံခွန်တိုင်ရပ်နေ ဒေါ်ဝင်းကြည်မိသားစုက ကိုမျိုးမောင်မောင်အေးအား ရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ မိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဒုတိယရုံးအဖွဲ့မှူး ဒေါ်အေးမျိုးသန့်တို့က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၃၇၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၁၀၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်အတွင်း ဆောင်းသီးနှံနေကြာ ၃၃၂၂၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင်မှာ ဆီထွက်သီးနှံနေကြာဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ကသာခရိုင်မှာ နေကြာသီးနှံကို လျာထားဧက တိုးချဲ့စိုက်ပျိုးနေပါတယ်။ စားသုံးဆီဖူလုံမှုရှိဖို့ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးတာပါ။ ကသာခရိုင်မှာ မိုးနေကြာထက် ဆောင်းနေကြာကိုပဲ စိုက်ကြတာပါ"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံနေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် နှစ်ဧက၊ အင်းတော်မြို့နယ်တွင် ၂၂၂၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၈၁၅၀ စုစုပေါင်းနေကြာ ၁၀၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ကသာခရိုင်တွင် ဆီထွက်သီးနှံနေကြာ ၃၁၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နေကြာမျိုးစေ့ထုတ်ကွက်ဧက ၅၀၊ နေကြာမျိုးသန့်စံပြကွက် ၂၅ ဧကနှင့် GAP စနစ်ဖြင့် စံပြကွက် ၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများ လိုအပ်သော နေကြာမျိုးစေ့များရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ပေါင်မြို့နယ် ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များက ကရင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၂ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ်သုည ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ခုနစ်သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို ငွေကျပ် ၂၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# သရက်ချောင်းမြို့နယ် မင်းဒပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**သရက်ချောင်း ဒီဇင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် မင်းဒပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်နှင့် တာဝန်ခံဝန်ထမ်းများက မင်းဒပ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဒုတိယဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

သရက်ချောင်းမြို့နယ် မင်းဒပ်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၁၄၈၃ သန်းဖြင့် အနက်ပေ ၂၀၀၊ အကျယ် လေးလက်မရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေစက်ရုံနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မင်းဒပ်ကျေးရွာရှိ အိမ်ခြေ ១၅၁ အိမ်၊ လူ ၅၀၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။ **ကိုမြင့်**



# သမိုင်းဝင် ချင်းချောင်းနန်းတော်

**မောင်သာ(ရှေးဟောင်းသုတေသန)**

အလောင်းမင်းတရားဦးအောင်ဇေယျ တည်ခဲ့သည့် ရန်ကုန်မြို့သည်ခေတ်အဆက်ဆက်ကိုဖြတ်သန်းခဲ့ပြီးနောက် သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံများစွာကျန်ရှိခဲ့ရာ ကိုလိုနီခေတ်လက်ရာအဆောက်အအုံများသည် အများဆုံးဖြစ်သည်။

၎င်းတို့အနက် တစ်ချိန်က တရုတ်လူမျိုးသူဌေးကြီးနေထိုင်ခဲ့သည့် အဆောက်အအုံသည် ချင်းချောင်းနန်းတော်အဖြစ် ယခုတိုင်ထင်ရှားလျက်ရှိနေသည်။

**ချင်းချောင်းနန်းတော်**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၁၃၁)တွင်တည်ရှိသည့် ကမ္ဘောဇရိပ်သာဟု လူသိများသော ချင်းချောင်းနန်းတော်သည် သက်တမ်း(၁၀၅)နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည့် ချင်းချောင်းနန်းတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ-၂(က) အရ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကိုက်ညီမှုရှိသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် သတ်မှတ်ခဲ့သည်။

ယခုအခါတွင် ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ရှိကာ အနုပညာဦးစီးဌာန၏ ရုံးခွဲဖွင့်လှစ်ထားသည်။

ချင်းချောင်းနန်းတော်ကို မြန်မာနိုင်ငံတွင်အခြေချနေထိုင်ခဲ့သည့် တရုတ်လူမျိုး မစ္စတာလင်ချင်းချောင်း (Mr. Lim Chin Tsong)က ၁၉၁၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ အနီရောင်အုတ်များ၊ အစိမ်းရောင်အုတ်ကြွပ်များဖြင့် တည်ဆောက်ထားသည့် အထပ်ငါးထပ်ပါဝင်သော ပေ ၁၂၀ မြင့်သည့် ချင်းချောင်းနန်းတော်အဆောက်အအုံသည် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ Yihe Yuan နွေရာသီနန်းတော်မှ Fu Xiang ပွဲကြည့်ဆောင်နှင့် ပုံသဏ္ဌာန် ဆင်တူသည်ဟုဆိုသည်။ ချင်းချောင်းနန်းတော်သည် အရှေ့တိုင်းနှင့် အနောက်တိုင်းဗိသုကာဒီဇိုင်းများကို ပေါင်းစပ်တည်ဆောက်ထားသည့် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံဖြစ်သည်။ ကောင်းကင်အမြင့်မှကြည့်လျှင် ကြယ်ပွင့်ပုံသဏ္ဌာန်မြင်ရသည့် ချင်းချောင်းနန်းတော်ကို နှစ်နှစ်ကျော်ကြာ တည်ဆောက်ခဲ့ပြီး ရွှေငွေ ၂ ဒသမ ၂ သန်းကျော်ကုန်ကျခဲ့ကာ ၁၉၁၈ ခုနှစ်တွင်ပြီးစီးခဲ့သည်။

ချင်းချောင်းနန်းတော် အောက်ပိုင်းသည် အင်္ဂလိပ်အိမ်ကြီးရခိုင်ပုံစံဖြစ်၍ အပေါ်ပိုင်းသည် တရုတ်ဘုရားကျောင်းပုံစံဖြစ်သည်။ အဆောက်အအုံတစ်ခုမှာပင် အနောက်တိုင်းနှင့် အရှေ့တိုင်းပုံစံ နှစ်မျိုးကို ထူးထူးခြားခြား ယှဉ်တွဲတည်ဆောက်ထားသည့် ချင်းချောင်းနန်းတော်အထက်တွင် အင်္ဂလန်နိုင်ငံရှိ အဆောက်အအုံများတွင်မြင်ရလေ့ရှိသည့် ရာသီဥတုနှင့် လေတိုက်နှုန်းညွှန်းတံ ဇာမဏီငှက်ရုပ်လေးတစ်ခုကိုတပ်ဆင်ထားကာ အဆောက်အအုံတွင် ပြတင်းပေါက်အများအပြားထည့်သွင်းထားသည်။ (၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ယခုအခါတွင် ထိုငှက်ရုပ်ကလေးမရှိတော့ပါ)။ နန်းတော်ရှေ့ ပန်းဥယျာဉ်ကို သန့်ရှင်းသပ်ရပ်သော အင်္ဂလိပ်ပုံစံပန်းခြံအဖြစ် ဖန်တီးထားသည်။ ဒုတိယထပ်တွင် ဥယျာဉ်တစ်ခုလုံးကို ပတ်ပတ်လည်မြင်နိုင်သည့် လသာဆောင်ကို ထည့်သွင်းတည်ဆောက်ထားသည်။

မစ္စတာလင်ချင်းချောင်းသည် နန်းတော်ဟုတင်စားခေါ်ဆိုသည့် သူ၏နေအိမ်ကြီးကို တရုတ်နှင့် အီတလီနိုင်ငံမှ မှာယူခဲ့သောပစ္စည်းများဖြင့် အလှဆင်ခဲ့သည်။ အဆောက်အအုံအတွင်းပိုင်း ဒီဇိုင်းများပြုလုပ်ရန် အင်္ဂလန်နိုင်ငံမှ ထင်ရှားသည့် အင်္ဂလိပ်လူမျိုး ပန်းချီဆရာ Ernest Procter နှင့်ဇနီးဖြစ်သူ ပန်းချီဆရာမ Dod Procter တို့ကို ဖိတ်ခေါ်ခဲ့သည်။ အဆောက်အအုံအတွင်းပိုင်း နံရံပန်းချီများကို ၎င်းအင်္ဂလိပ်ပန်းချီဆရာမောင်နှံက ရေးဆွဲခဲ့သည်။

လင်ချင်းချောင်းသည် သူ၏ ချင်းချောင်းနန်းတော်တွင် ညည့်ခံပွဲများစွာ ကျင်းပပြုလုပ်ခဲ့ရာ ၁၉၂၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှသို့ ခရီးထွက်လာသော ပြင်သစ်ဝန်ကြီးချုပ် Georges Clemenceau မြန်မာနိုင်ငံသို့ရောက်ရှိခဲ့စဉ် လင်ချင်းချောင်းက ပြင်သစ်ဝန်ကြီးချုပ်ကို ချင်းချောင်းနန်းတော်သို့ ဖိတ်ခေါ်ညည့်ခံခဲ့သည်။ ကမ္ဘာကျော်စာရေးဆရာ မောရစ်ကောလစ်သည် လင်ချင်းချောင်းကွယ်လွန်ပြီးနောက် ချင်းချောင်းနန်းတော်သို့ လာရောက်လည်ပတ်ခဲ့သည်။



ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)ကို တွေ့ရစဉ်။

မောရစ်ကောလစ်က ချင်းချောင်းနန်းတော်၌ တရုတ်ကြွေထည်များ၊ ပါရှန်ကော်ဇောများ၊ ကြေးသွန်းစည်ကြီးများ၊ ပြောင်လက်နေသောကြမ်းခင်းများ၊ အဖြူရောင်အမွေးပွ ခွေးလေးတစ်ကောင်တို့နှင့်အတူ မြန်မာပန်းချီဆရာကြီး ဦးဘဉာဏ်၏ လက်ရာပန်းချီကားကို တွေ့ရှိခဲ့ရကြောင်း သူ၏ "နေဝင်ဘုရင်များ" စာအုပ်တွင် ရေးသားခဲ့သည်။

**သူဌေးကြီး လင်ချင်းချောင်း**

လင်ချင်းချောင်းသည် တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်ပြီး ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ဆီလုပ်ငန်း၊ ဆန်ကုန်သွယ်ရေး၊ သတ္တုတူးဖော်ရေးနှင့် ဘဏ်လုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်ခဲ့သည်။ လင်ချင်းချောင်းကို တရုတ်နိုင်ငံ ဖူကျန့်(Fujian) ပြည်နယ်မှ မြန်မာနိုင်ငံသို့ ၁၈၆၁ ခုနှစ်တွင် ပြောင်းရွှေ့အခြေချခဲ့သည့် တရုတ်လူမျိုး လင်ဆူဟင်း(Lim Soo Hean)က ၁၈၆၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် မွေးဖွားခဲ့သည်။ လင်ချင်းချောင်း၏ ဖခင် လင်ဆူဟင်းသည် ရန်ကုန်မြို့သို့ရောက်ရှိလာပြီးနောက် ဆန်နှင့်စိုက်ပျိုးရေးထွက်ကုန်များ အရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ထိုအချိန်သည် ဗြိတိသျှတို့က အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် အထက်မြန်မာပြည်ကို ဆက်လက်သိမ်းပိုက်ရန် ကြံစည်နေချိန်ဖြစ်သည်။ လင်ဆူဟင်းသည် အင်္ဂလိပ်များနှင့် စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်ခဲ့ရာတွင် အဓိကရင်ဆိုင်ခဲ့ရသည့်အခက်အခဲတစ်ခုဖြစ်သော ပညာရေးအားနည်းမှုကို ကောင်းစွာသဘောပေါက်သိရှိခဲ့သဖြင့် မိမိ၏သားဖြစ်သူ လင်ချင်းချောင်းကို ရန်ကုန်မြို့ရှိ စိန့်ပေါလ်ကျောင်း (ယခု ဗိုလ်တထောင် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း)နှင့် ရန်ကုန်ကောလိပ်တို့တွင် အင်္ဂလိပ်စာ ကောင်းစွာတတ်မြောက်စေရန် ပညာသင်ယူစေခဲ့သည်။

၁၈၈၅ ခုနှစ်တွင် လင်ဆူဟင်းကွယ်လွန်သွားသည့်အခါ အသက် ၁၈ နှစ်သာရှိသေးသည့် လင်ချင်းချောင်းသည် ဖခင်၏ စီးပွားရေးလုပ်ငန်းများကို ဆက်ခံလုပ်ကိုင်ခဲ့သည်။ ထိုနှစ်မှာပင် သီပေါမင်းနှင့် မိဖုရားတို့ပါတော်မူကာ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့လက်အောက်သို့ကျရောက်ခဲ့သည်။ ထို့ကြောင့် လင်ချင်းချောင်းသည် အင်္ဂလိပ်များနှင့် စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်ခဲ့ရသည်။

ငယ်ရွယ်တက်ကြွသော လင်ချင်းချောင်းသည် ပင်လယ်ကူးသင်္ဘောများဝယ်ယူကာ သူ၏စီးပွားရေးလုပ်ငန်းကို စင်ကာပူ၊ ပီနန်၊ ဟောင်ကောင်၊ ကွမ်တုံနှင့် အမွိုင်တို့ထိ တိုးချဲ့လုပ်ဆောင်ခဲ့သည်။ လန်ဒန်တွင် အခြေစိုက်သည့် ရေနံကုမ္ပဏီကြီးဖြစ်သော ဘားမားရေနံကော်ပိုရေးရှင်း(BOC)က လင်ချင်းချောင်းကို ၁၈၉၁ ခုနှစ်တွင် ဒေသတွင်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့သည်။ ထို့ကြောင့် လင်ချင်းချောင်းသည် မြန်မာနိုင်ငံအတွင်း ရေနံဖြန့်ဖြူးရေးကို လုပ်ကိုင်ခဲ့သာမက ပီနန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် အမွိုင်ဒေသတို့ထိ ရေနံဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ ရေနံလုပ်ငန်းကြောင့် လင်ချင်းချောင်းသည် အလွန်ကြွယ်ဝလာခဲ့ကာ ရေနံတင်သင်္ဘောများကို ပိုင်ဆိုင်ခဲ့သည်။ ရော်ဘာ၊ ဂွမ်း၊ ဆီစက်၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ပင်လယ်ရပ်ခြားတွင် အခြေစိုက်သည့် အချမ်းသာဆုံး တရုတ်လူမျိုးလုပ်ငန်းရှင်တစ်ဦးဖြစ်လာခဲ့သည်။ လင်ချင်းချောင်းသည် မြန်မာအမည် ဗိုးဥ ခေါ် Tan Guat Tean နှင့် လက်ထပ်ခဲ့ကာ သားသမီးရှစ်ဦးထွန်းကားခဲ့သည်။

လင်ချင်းချောင်းသည် ထည်ထည်ဝါဝါ နေထိုင်သူတစ်ဦးဖြစ်သကဲ့သို့ ပရဟိတလုပ်ငန်းများတွင်လည်း သဒ္ဓါတရားထက်သန်စွာ လှူဒါန်းသူတစ်ဦးဖြစ်သည်။ ရန်ကုန်မြို့တွင် အင်္ဂလိပ်စာသင်ကြားရေးကျောင်းများနှင့် အမျိုးသမီးဆေးရုံတစ်ရုံ ဆောက်လုပ်ရန် ငွေများလှူဒါန်းခဲ့သည်။ ၁၉၀၅ ခုနှစ်တွင် သူနှင့် သူ၏ စီးပွားဖက်များက ရန်ကုန်မြို့တွင် အင်္ဂလိပ်နှင့် တရုတ်ကပြား ယောက်ျားလေးများ၊ မိန်းကလေးများအတွက် Anglo Vernacular ကျောင်းများ တည်ထောင်ခဲ့သည်။ လင်ချင်းချောင်းသည် ၁၉၀၇ ခုနှစ်တွင် လင်ချင်းချောင်းကျောင်းဟု ထင်ရှားသည့် ကိုယ်ပိုင်ကျောင်းကို တည်ထောင်ခဲ့သည်။ အဆိုပါကျောင်းမှ အင်္ဂလိပ်ဘာသာဖြင့် လေ့ကျင့်သင်ကြားပေးထားသည့် ပညာတတ်အမြောက်အမြား ပေါ်ထွက်ခဲ့ပြီး ရန်ကုန်မြို့တွင် လာရောက်ပညာသင်ယူကြသည့် ဟောင်ကောင်နှင့် မကာအိုမှ ကျောင်းသားများလည်း ပါဝင်သည်ဟု ဆိုသည်။

လင်ချင်းချောင်းသည် မြန်မာနိုင်ငံ ဥပဒေပြုကောင်စီ၏အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ၁၉၁၉ ခုနှစ်တွင် ပထမကမ္ဘာစစ်အတွင်းက အစိုးရကို ငွေကြေးပံ့ပိုးမှုများပေးခဲ့သဖြင့် ဗြိတိသျှအင်ပါယာ ဂုဏ်ထူးဆောင်ဘွဲ့ (OBE) ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၂၁ ခုနှစ်တွင် ဗြိတိသျှအစိုးရက အိန္ဒိယနိုင်ငံမှအပ အခြားနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချခြင်းကို ပိတ်ပင်လိုက်သည့်အခါ မြန်မာနိုင်ငံ၏ ဆန်စျေးကွက်ပျက်ခဲ့ရကာ လင်ချင်းချောင်း၏ စီးပွားရေးလုပ်ငန်းများ ရပ်တန့်ခဲ့သည်။ လင်ချင်းချောင်း၏ဆန်ရောင်းဝယ်မှုလုပ်ငန်း ပျက်စီးသွားခဲ့သည်။ ရုတ်ခြည်းစီးပွားကျခဲ့သည့် လင်ချင်းချောင်းသည် သူ၏ ရှီးရှိုက်စ်ကားများအပါအဝင် ပိုင်ဆိုင်မှုများကို ရောင်းချခဲ့ရပြီး မိတ်ဆွေများထံမှ ငွေချေးငှားရသည့် အနေအထားသို့ရောက်ရှိသွားခဲ့သည်။ ထိုအချိန်မှာပင် ပင်လယ်ကူးသင်္ဘောနစ်မြုပ်မှုများနှင့် ထပ်မံရင်ဆိုင်ရပြန်သည်။ လင်ချင်းချောင်းသည် မိမိနှင့်ပူးပေါင်းလုပ်ကိုင်ခဲ့သူတို့၏ လိမ်လည်မှုများ၊ မှားယွင်းစွာချုပ်ဆိုမိခဲ့သောစာချုပ်များကြောင့် သူ၏ကုမ္ပဏီသည် အကြွေးများဖြင့် ပတ်လည်ဝိုင်းခဲ့သည်။

တစ်ချိန်က အလွန်ချမ်းသာကြွယ်ဝခဲ့သော တရုတ်သူဌေးကြီးလင်ချင်းချောင်း၏ နောက်ဆုံးနေ့ရက်များသည် ဆင်းရဲသား လူမွဲတစ်ဦးအဖြစ် ဘဝနိဂုံးချုပ်ခဲ့ရသည်။ လင်ချင်းချောင်းသည် ချင်းချောင်းနန်းတော်ကြီး ဖွင့်လှစ်ပြီး သုံးနှစ်ကြာ ၁၉၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် အိပ်ပျော်နေစဉ် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ၁၉၂၄ ခုနှစ် ဇွန် ၁၀ ရက်တွင် ချင်းချောင်းနန်းတော်ကို ဒေဝါလီခံကြွေးသိမ်းပစ္စည်းအဖြစ် ကြေညာခဲ့သည်။

ချင်းချောင်းနန်းတော်သည် ဂျပန်လူမျိုးကြွေးရှင်တစ်ဦး၏လက်သို့ ပထမဆုံးရောက်ရှိသွားပြီး ၁၉၄၁ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း မြန်မာနိုင်ငံကိုဂျပန်တို့အုပ်စိုးထားစဉ် ရေဒီယိုအသံလွှင့်ဌာနအဖြစ် အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် အိန္ဒိယလူမျိုး စီးပွားရေးသမားများ လက်အောက်သို့ရောက်ရှိသွားပြီး ၁၉၅၁ ခုနှစ်တွင် နိုင်ငံတော်ပိုင် ကမ္ဘောဇရိပ်သာဖြစ်လာခဲ့ကာ ၁၉၈၈ ခုနှစ်ထိ လမ်းစဉ်လူငယ်စည်းရုံးရေး ဗဟိုကော်မတီဌာနချုပ်အဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းထားခဲ့သည်။

ကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)သည် ဆယ်စုနှစ် ဆယ်ခုကျော်ကြာ သမိုင်းအဆက်ဆက်ကို ဖြတ်သန်းခဲ့သည့် သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သဖြင့် ၎င်းအဆောက်အအုံကို ယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone) အဖြစ် သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံကြီးကို ရေရှည်တည်တံ့နေစေရန် အားလုံးကဝိုင်းဝန်းထိန်းသိမ်းကြခြင်းဖြင့် မြန်မာ့အတိတ်သမိုင်းသက်သေတစ်ခုကို စောင့်ရှောက်ကြရမည်သာဖြစ်ပေသည်။

**ကိုးကား**

- **ကိုယ်တိုင်ကွင်းဆင်းမှတ်တမ်းများ**
- **Mr. Lim Chin Tsong (Wikipedia)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပွင့်ဖြူမြို့နယ်တွင် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါး ၆၀၃၀၈ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မဲဇလီရေလွှဲဆည်ရေဖြင့်စိုက်ပျိုးခဲ့သည့် မိုးစပါး ၆၀၃၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါး ၆၉၆၄၅ ဧကကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ မိုးစပါးများကို ဒီဇင်ဘာလ ပထမပတ်မှစတင်၍ ရိတ်သိမ်းခဲ့ရာ ဒီဇင်ဘာ ၂၆ ရက်ထိ မိုးစပါးဧက ၆၀၃၀၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၁၀၀ အထက် ထွက်ရှိကြောင်း သိရသည်။

"ဆန်စပါးစိုက်ပျိုးထုတ်လုပ်တဲ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေဖို့ ဒေသခံတောင်သူတွေက မဲဇလီရေလွှဲဆည်က ရေကိုအမှီပြုပြီး မိုးစပါး ၆၉၆၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ရေမင်း၊ ရတနာတိုး၊ ပေါ်ဆန်းရင်၊ ချမ်းမြေ့မေ၊ ဆင်းသုခ၊ မနောသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ရေပဒေသာ စတဲ့ စပါးမျိုးတွေကို အဓိကစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေကို ဆောင်းသီးနှံအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် ဒီဇင်ဘာ ပထမပတ်က စတင်ပြီး ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ရိတ်သိမ်းခဲ့ပါတယ်။ ဒီဇင်ဘာ ၂၆ ရက်ထိ မိုးစပါး ၆၀၃၀၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရာခိုင်နှုန်းအနေနဲ့ ၈၆ ဒသမ ၅၉ ရာခိုင်နှုန်း ရိတ်သိမ်းပြီးသွားပါပြီ"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်သည် ဆည်ရေသောက်ဧရိယာ အများဆုံးမြို့နယ်တစ်မြို့နယ်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ဆန်စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်ပေးနိုင်ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီကလည်း မိုးစပါး ၆၉၀၉၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၆၉၆၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# ဝေါမြို့နယ် အလုပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဝေါ ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အလုပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အလုပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ Box Culvert တစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကုမ္ပဏီတာဝန်ခံများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် အလုပ်ကျေးရွာ၌ အရှည်တစ်မိုင် လေဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေသားလမ်းခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၂၀၊ အကျယ် လေးပေ ကိုးလက်မ၊ အမြင့် လေးပေ ကိုးလက်မရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၉၃ ဒသမ ၂၃၆ သန်းအသုံးပြုပြီး Jame Brother ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင် ၁၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညို**

## လမ်းလျှောက်ကြပါစို့

- သည်ဆောင်းဝင်စ နှင်းမြူထ၍
  အေးလှပါပြီ သည်ရာသီဝယ်
  တူညီလုံ့လ စောစောထ၍
  ပြုကြအားကစား လမ်းလျှောက်သွားစို့
  ကိုယ့်လူတို့။

- လမ်းလျှောက်ခြင်းဖြင့် အသင့်ခန္ဓာ
  ကျန်းမာစေကြောင်း နည်းလမ်းကောင်းမို့
  မပြောင်းမန္တဲ့ ကိုယ်နဲ့အတူ
  သွေးပူစေကြောင်း မြန်ကောင်းသက်သာ
  လမ်းလျှောက်ပါလျှင် ပူပင်စိတ်ပန်း
  မညှိုးနွမ်းအောင် တို့ကြံဆောင်လို့
  မြားမြောင်အကျိုး ဆယ်ဆတိုးပွား
  သင်ခံစားလိမ့်။

- စိတ်တူကိုယ်တူ လက်တွဲကူနော်
  တပျော်တပါး လမ်းလျှောက်သွားရင်း
  ခင်မင်ခြင်းဖြစ် ရင်တွင်းအပူ
  ဝေးကိုယူပစ် စိတ်လူသစ်၍
  ကျစ်လျစ်သန်စွာ ကိုယ်ကျန်းမာလိမ့်
  မှန်စွာသဘော စောကြောဝေဖန်
  မြင်မှန်ကိုရ လမ်းလျှောက်ကြလို့
  ဘဝတစ်လျှောက် စိတ်နောက်ကိုယ်ပါ
  ဖြစ်လာပါလိမ့် ကြည်သာရွှင်ပြုံး
  လူလုံးလှဆဲ ချိန်ခါပဲမို့
  တို့လဲလမ်းလျှောက်ကြပါစို့။

**ဘိုမျိုး(ရွှေဘို)**

# ဆိပ်ဖြူမြို့နယ် ပေတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ပေတောကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဖျော့ဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် ချေးငွေများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦးကို ငွေကျပ် ၄၃၁၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂၈၅၀၀၀၀ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကိုစီမံကိန်းရန်ပုံငွေကျပ် ၄၅၉၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

စာပေမြင့်မှ လူမျိုးတင့်မည်

# နိုင်ငံတကာ သတင်းများ

## အမေရိကန်နှင့်နေတိုးမဟာမိတ်များ ရုရှားကို ဖျက်ဆီးရန်ကြိုးစားနေကြောင်း လက်ဗရော့ဗ် ပြောကြား

**မော်စကို ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ အပါအဝင် မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့(နေတိုး)မဟာမိတ်များသည် ရုရှားနိုင်ငံကို ဖျက်ဆီးရေးအတွက် စစ်မြေပြင်၌ အနိုင်ရရန်ပူးပေါင်းကြိုးစားနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် နေတိုးမဟာမိတ်များ၏ မဟာဗျူဟာရည်မှန်းချက်မှာ ရုရှားနိုင်ငံကို ဖျက်ဆီးရေးအတွက် စစ်မြေပြင်၌ အနိုင်ယူရန်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ရုရှားအခြေစိုက်တက်စ်သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် အခြားရုရှားထိပ်တန်း ခေါင်းဆောင်များကဲ့သို့ပင် ယူကရိန်းအထူးစစ်ဆင်ရေးများကို ထောက်ခံအားပေးသူဖြစ်သည်။

ထို့ပြင် ရုရှားနှင့်အမေရိကန်အစိုးရအနေဖြင့် နှစ်ဦး နှစ်ဖက်ပုံမှန် ချိတ်ဆက်ထိတွေ့ဆက်ဆံမှုများကို ထိန်းထားနိုင်မှုမရှိတော့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအပေါ် မဟာဗျူဟာမြောက်အနိုင်ယူရေးကို ရည်မှန်းချက်တစ်ရပ်အဖြစ် ကြေညာထားသည့် လက်ရှိအမေရိကန်အစိုးရနှင့် ပုံမှန်ချိတ်ဆက် ဆက်ဆံမှုများထားရှိရန် မဖြစ်နိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ခဲ့သည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်းတွင် ရုရှားနှင့်အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ခဲ့ရကြောင်း သိရသည်။

KKO



## မြောက်ကိုရီးယားမောင်းသူမဲ့လေယာဉ်များပြဿနာ စစ်ဘက်၏ကိုင်တွယ်ပုံ တောင်ကိုရီးယားသမ္မတ ဝေဖန်

**ဆိုးလ် ဒီဇင်ဘာ ၂၇**

မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုအပေါ် စစ်ဘက်၏ တုံ့ပြန်ပုံကို တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးက ယနေ့တွင် ဝေဖန်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ် ငါးစင်းသည် ဒီဇင်ဘာ ၂၆ ရက်တွင် တောင်ကိုရီးယားလေပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းခဲ့ရာ တောင်ကိုရီးယားစစ်ဘက်ကတိုက်လေယာဉ်နှင့်တိုက်ခိုက်ရေးရဟတ်ယာဉ်များ စေလွှတ်၍ ပစ်ချရန် ကြိုးစားခဲ့သည်။

သို့သော် ဆိုးလ်မြို့အပါအဝင် တောင်ကိုရီးယားမြို့ကြီးများပေါ်၌ ငါးနာရီခန့်ပျံသန်းခဲ့သော အဆိုပါမောင်းသူမဲ့ လေယာဉ်များကို တစ်စင်းမှပစ်ချနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် တောင်ကိုရီးယားစစ်ဘက်၏ ပြင်ဆင်မှုနှင့် လေ့ကျင့်မှု အထိုက်အလျောက်ကင်းမဲ့နေပုံကို ပြသနေကြောင်း ယနေ့ အစိုးရအဖွဲ့အစည်းအဝေးတွင် သမ္မတ ယွန်းဆွတ်ယိုးက ဝေဖန်ခဲ့သည်။

ထို့ပြင် မောင်းသူမဲ့လေယာဉ်များကို အဓိကထားကိုင်တွယ်မည့် လက်နက်ကိုင် အထူးတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် စီစဉ်ထားကြောင်း သမ္မတ ယွန်းဆွတ်ယိုးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား မောင်းသူမဲ့လေယာဉ်များသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တောင်ကိုရီးယား နိုင်ငံတွင်းသို့ ကျူးကျော် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ဂျပန်နိုင်ငံက ယိုနာဂူနီအမည်ရှိ အနောက်ဘက်ကျွန်း၌ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တပ်ဖွဲ့ ဖြန့်ကြက်ရန်စီစဉ်



**တိုကျို ဒီဇင်ဘာ ၂၇**

ဂျပန်နိုင်ငံ အနောက်ဘက်စွန်းရှိ ကျွန်းတစ်ကျွန်းဖြစ်သော ယိုနာဂူနီကျွန်း၌ မြေပြင်မှဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တစ်ဖွဲ့ ဖြန့်ကြက်ထားရန် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုကီနာဝါ စီရင်စုနယ်မြေအတွင်းပါဝင်သည့် ယိုနာဂူနီကျွန်းသည် တရုတ်(တိုင်ပေ)ကျွန်းအနီးတည်ရှိသော ဂျပန်ပိုင်ကျွန်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ အနောက်မြောက်ပိုင်းကျွန်းများကို ကာကွယ်နိုင်စွမ်းအား မြှင့်တင်ရေးအတွက် ယိုနာဂူနီကျွန်း၌ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တပ်ဖွဲ့တစ်ဖွဲ့ ဖြန့်ကြက်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်ဟု ဂျပန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ယခုလအစောပိုင်းတွင် ဒုတိယကမ္ဘာစစ် နောက်ပိုင်း အကြီးမားဆုံး စစ်ရေးတည်ဆောက်မှု အစီအစဉ်ကို ကြေညာထားသည်။

အဆိုပါစစ်ရေးတည်ဆောက်မှုအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၂၀ ထိ သုံးစွဲရန် စီစဉ်ထားသည်။

ထိုင်ဝမ်ရေလက်ကြားပြဿနာ၊ မြောက်ကိုရီးယား ပြဿနာတို့ကို အကြောင်းပြု၍ ဒေသတင်းမာမှုများမြင့်တက်နေစဉ် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ယိုနာဂူနီကျွန်း၌ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်တပ်ဖွဲ့ ဖြန့်ကြက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကိုဆိုဗိုနယ်စပ်တစ်လျှောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်အသင့်အနေအထား ဆားဘီးယားပြင်ဆင်

**ဘဲလ်ဂရိတ် ဒီဇင်ဘာ ၂၇**

ဆားဘီးယားနိုင်ငံသည် ကိုဆိုဗိုနယ်စပ်တစ်လျှောက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်အသင့်အနေအထား ပြင်ဆင်ထားကြောင်း အေပီသတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ဘော်လ်ကန်စစ်ပွဲ ရန်ဘက်ဟောင်း နှစ်နိုင်ငံကြားတင်းမာမှုများ လျှော့ချရန် မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့(နေတိုး)က တောင်းဆိုထားသည့်တိုင်ဆားဘီးယားနိုင်ငံက နယ်စပ်တစ်လျှောက်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ပွဲဝင်အသင့်အနေအထားပြင်ဆင်ထားခြင်းဖြစ်သည်။

ကိုဆိုဗိုနယ်စပ်တစ်လျှောက်ရှိ ရဲတပ်ဖွဲ့နှင့် အခြားတပ်များကို တိုက်ပွဲဝင် အသင့်အနေအထား ပြင်ဆင်ထားရန် မိမိညွှန်ကြားထားကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီးက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားထားသည်။

စစ်ဆင်ရေးစီမံချက်အရ အဆိုပါနယ်စပ်တပ်များကို ကြည်းတပ်စစ်ဦးစီးချုပ်ရုံး ကွပ်ကဲမှုအောက်၌ ထည့်ထားကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီး၏ အဆိုအရ သိရသည်။

ကိုဆိုဗိုနိုင်ငံအတွင်းရှိ ဆားဗ်လူမျိုးများကို အကာအကွယ်ပေးရေးအတွက် လိုအပ်သည့်အစီအမံများ ဆောင်ရွက်ထားရန် သမ္မတအလက်ဇန်းဒါးဗူဆစ်၏ ညွှန်ကြားချက်အရ နယ်စပ်တပ်များကို တိုက်ပွဲဝင်အသင့်အနေအထားပြင်ဆင်ထားခြင်းဖြစ်ကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကိုဆိုဗိုသည် ယခင်က ဆားဘီးယားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်ခဲ့ဖူးပြီး ၂၀၀၈ ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့ရာ ယင်းလွတ်လပ်ရေးကို ဆားဘီးယားနိုင်ငံက အသိအမှတ်ပြုထားခြင်းမရှိသေးကြောင်း သိရသည်။

KKO

## တောင်ကိုရီးယားအစိုးရ၏ အထူးလွတ်ငြိမ်းချမ်းသာခွင့်အရ အသက် ၈၁ နှစ်အရွယ် သမ္မတဟောင်း လီမြောင်ဘတ်ပြန်လွတ်မည်

**ဆိုးလ် ဒီဇင်ဘာ ၂၇**

အဂတိလိုက်စားမှုစွဲချက်များဖြင့် ထောင်ဒဏ်တစ်သက်ချမှတ်ခံထားရသည့် သမ္မတဟောင်း လီမြောင်ဘတ်ကို အထူးလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၂၈ရက်တွင် ပြစ်ဒဏ်မှလွတ်ငြိမ်း ချမ်းသာခွင့်ရမည့် အကျဉ်းသားများထဲတွင် သမ္မတဟောင်း လီမြောင်ဘတ်လည်းပါဝင်ကြောင်း တောင်ကိုရီးယား တရားရေးဝန်ကြီးဌာနက ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

အမျိုးသား ညီညွတ်ရေးကို ရှေးရှု၍ သမ္မတဟောင်းလီမြောင်ဘတ်ကဲ့သို့ နိုင်ငံရေးသမားအချို့ကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

အသက် ၈၁ နှစ်ရှိ လီမြောင်ဘတ်သည် ကျန်းမာရေးအခြေအနေကြောင့် ယခုနှစ်ဇွန်လအတွင်း အကျဉ်းထောင်မှ ယာယီထွက်ခွာခွင့်ရရှိထားသည်။




စီးပွားရေးလုပ်ငန်းအမှုဆောင်အရာရှိချုပ်တစ်ဦး အဖြစ်မှသည် ကွန်ဆာဗေးတစ်သမ္မတ ဖြစ်လာခဲ့သူ လီမြောင်ဘတ်သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်ကြားသမ္မတအဖြစ် တာဝန်ယူခဲ့စဉ်နှင့် တာဝန်မယူခင်ကာလ အဂတိလိုက်စားမှုစွဲချက်များဖြင့် ထောင်ဒဏ် ၁၇နှစ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

လီမြောင်ဘတ်သည် တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးစီးပွားရေးလောကမှ သမ္မတတစ်ဦးဖြစ်ပြီး တောင်ကိုရီးယား စီးပွားဖွံ့ဖြိုးတိုးတက်မှု၏ သင်္ကေတလည်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အခြားဂြိုဟ်ကမ္ဘာမှအာကာသယာဉ်များကြောင့် ပေါ်ထွက်လာနိုင်သည့်အာကာသအချိန်ပြင်လွှာ လှိုင်းဂယက်များကို လီဂိုဒြပ်ဆွဲအားလှိုင်းသုံး၍ထောက်လှမ်းရန် သိပ္ပံပညာရှင်များအဆိုပြု



**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

ကမ္ဘာ့အကြီးဆုံး လီဂိုဒြပ်ဆွဲအားလှိုင်း လေ့လာရေးစခန်းကို အသုံးပြု၍ အခြားဂြိုဟ်ကမ္ဘာများမှ အသိဉာဏ်မြင့် သက်ရှိများ၏ အာကာသယာဉ်များကြောင့် ပေါ်ထွက်လာနိုင်သည့် အာကာသအချိန်ပြင်လွှာ လှိုင်းဂယက်များကိုထောက်လှမ်းရန် သိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၆ ရက်က ရေးသား တင်ပြထားသည်။

ဂြိုဟ်များ၊ ချူထရွန်ကြယ်များနှင့် အာကာသတွင်းနက်များ အာကာသ ဟင်းလင်းပြင်အတွင်း ရွေ့လျားချိန်တွင် အာကာသအချိန်ပြင်လွှာ၌ ဒြပ်ဆွဲအားလှိုင်းဂယက်များ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံအခြေစိုက် လီဂိုဒြပ်ဆွဲအားလေ့လာရေးစခန်းသည် အထက်ပါသမားရိုးကျ အာကာသဒြပ်ထုများ အပြင် အရွယ်အစား အလွန်ကြီးမားသည့် အာကာသယာဉ်များ ပျံသန်းမှုကြောင့် ပေါ်ထွက်လာနိုင်သော အာကာသအချိန်ပြင်လွှာ ဒြပ်ဆွဲအားလှိုင်းများကို ထောက်လှမ်းပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် လီဂိုဒြပ်ဆွဲအားလှိုင်းလေ့လာရေးစခန်းက ထောက်လှမ်းပေးနိုင်မည့် ဒြပ်ဆွဲအားလှိုင်းများကို ထုတ်ပေးနိုင်သည့် အာကာသယာဉ် အရွယ်အစားသည် အလေးချိန်အားဖြင့် ကြာသပတေးဂြိုဟ်၏ အလေးချိန်နှင့် ညီမျှရမည်ဖြစ်ပြီး အမြန်နှုန်းအားဖြင့် အလင်းအမြန်နှုန်း၏ ၁၀ ပုံ ၁ ပုံနှင့် ညီမျှသော အမြန်နှုန်းဖြင့် ကမ္ဘာမြေကို အလင်းနှစ် ၃၂၆၀၀၀ အကွာမှ ဖြတ်ကျော်ရမည်ဖြစ်ကြောင်း သိရသည်။

လီဂိုဒြပ်ဆွဲအားလှိုင်း လေ့လာရေးစခန်းသည် အာကာသဒြပ်ထုများရွေ့လျားလာမှုကြောင့် ပေါ်ထွက်လာသည့် ဒြပ်ဆွဲအားလှိုင်းများကို ၂၀၁၅ ခုနှစ်က ပထမဆုံးအကြိမ် တိုက်ရိုက် ဖမ်းယူနိုင်ခဲ့ကြောင်း သိရသည်။ KKO


## နာဆာ၏အဆိုအရ အင်္ဂါဂြိုဟ်နှစ်သစ်သည် ဒီဇင်ဘာ ၂၆ ရက်က စတင်ဝင်ရောက်ခဲ့ပြီဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏အဆိုအရ အင်္ဂါဂြိုဟ်၏နှစ်သစ်သည် ဒီဇင်ဘာ ၂၆ ရက်က စတင်ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသား တင်ပြထားသည်။

ကမ္ဘာ့နိုင်ငံအများစု လက်ခံကျင့်သုံးနေသော ဂရီဂိုရီယန်ပြက္ခဒိန်အရ ကမ္ဘာဂြိုဟ်၏နှစ်သစ်သည် နှစ်စဉ် ဇန်နဝါရီ ၁ ရက်တွင်စတင်ဝင်ရောက်လေ့ရှိသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်၏နှစ်သစ်ကိုမူ ၁၉၅၅ ခုနှစ်အတွင်း ကောင်းကင်အီကွေတာကို နေဖြတ်သန်းချိန် အင်္ဂါဂြိုဟ်မြောက်ပိုင်း ဆောင်းရာသီကာလတွင် စတင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။



သို့ဖြစ်ရာ အင်္ဂါဂြိုဟ်၏နှစ်သစ်ဝင်ရောက်ချိန်သည် ကမ္ဘာဂြိုဟ်၏ နှစ်သစ်ဝင်ချိန်ထက် ပိုစောနေခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အလားတူ အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့်နှိုင်းယှဉ်ပါက နေထက်ပိုဝေးပြီး နေကိုတစ်ပတ် ပတ်မိရန် ကမ္ဘာဂြိုဟ်ထက် အချိန်နှစ်ဆပိုယူရသည်ဖြစ်ရာ အင်္ဂါဂြိုဟ်၏တစ်နှစ်တာကာလမှာ ကမ္ဘာဂြိုဟ်ရက်အားဖြင့် ၆၈၇ ရက်နှင့်ညီမျှသည်။

အင်္ဂါဂြိုဟ်၏ ယခုနှစ် နှစ်သစ်မှာ နာဆာအဖွဲ့အတွက် ၃၇ ကြိမ်မြောက် အင်္ဂါဂြိုဟ်နှစ်သစ်ဖြစ်ပြီး ၃၆ ကြိမ်မြောက် အင်္ဂါဂြိုဟ်နှစ်သစ်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ဂျူနိုအာကာသယာဉ်က ကြာသပတေးဂြိုဟ်နှင့် အိုင်အိုဂြိုဟ်ရံလတို့ကို အနီးကပ်ဖြတ်ပျံခဲ့စဉ် ရယူခဲ့သောသတင်းအချက်အလက်များ ကွန်ပျူတာစနစ်ပြဿနာကြောင့် အထိအခိုက်မရှိနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

ဂျူနို အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်နှင့် အိုင်အိုဂြိုဟ်ရံလတို့ကို အနီးကပ်ဖြတ်ပျံခဲ့စဉ် ရယူခဲ့သော သတင်းအချက်အလက်များမှာ ကွန်ပျူတာမှတ်ဉာဏ်စနစ် ပြဿနာတစ်ရပ်ကြောင့် အထိအခိုက်မရှိခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ဂျူနို အာကာသယာဉ်သည် ဒီဇင်ဘာ ၁၄ ရက်က ကြာသပတေးဂြိုဟ်နှင့် အိုင်အိုဂြိုဟ်ရံလတို့ကို အနီးကပ် ဖြတ်ကျော်ပျံသန်းပြီးနောက် ရယူနိုင်ခဲ့သောသတင်းအချက်အလက်များကို မြေပြင်ထိန်းချုပ်ရေးစခန်းထံ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဂျူနိုအာကာသယာဉ်၌ တပ်ဆင်ထားသည့် ကွန်ပျူတာ မှတ်ဉာဏ် သိမ်းဆည်းရေးစနစ် ပြဿနာတစ်ရပ်ကြောင့် အချက်အလက်ပေးပို့မှုများ ရပ်ဆိုင်းခဲ့ရသော်လည်း ဒီဇင်ဘာ ၂၂ ရက်က ၎င်းပြဿနာများကို နာဆာသိပ္ပံပညာရှင်များက ပြုပြင်နိုင်ခဲ့ပြီး အချက်အလက်များ ပြန်လည်ဆွဲယူနေကြောင်း သိရသည်။

ကွန်ပျူတာမှတ်ဉာဏ် သိမ်းဆည်းမှုစနစ်ပြဿနာကြောင့် ဂျူနိုအာကာသယာဉ်ရယူခဲ့သော သတင်းအချက်အလက်များ အထိအခိုက်မရှိနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျူနို အာကာသယာဉ်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် ကြာသပတေးဂြိုဟ်ကို ၄၈ ကြိမ်မြောက်အဖြစ် အနီးကပ်ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။ KKO

# HEALTH

## နှာခေါင်းအတွင်းရှိ ဗိုင်းရပ်ဆန့်ကျင်ရေးပဋိပစ္စည်းများက သွေးလှည့်စနစ်ပဋိပစ္စည်းများထက် ကျဆင်းမှုပိုမြန်

**လန်ဒန် ဒီဇင်ဘာ ၂၇**

ကိုရိုနာဗိုင်းရပ်ကဲ့သို့ အသက်ရှူလမ်းကြောင်းရောဂါ ဗိုင်းရပ်များကို ရင်ဆိုင်ရာတွင် ပထမဆုံးခံစစ်စည်းဖြစ်သည့် နှာခေါင်းအတွင်းရှိ ဗိုင်းရပ်ဆန့်ကျင်ရေးပဋိပစ္စည်းများသည် သွေးလှည့်ပတ်မှုစနစ်အတွင်းရှိ ပဋိပစ္စည်းများထက် ကျဆင်းမှု ပိုမြန်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၆ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏အဆိုအရ နှာခေါင်းလမ်းကြောင်း ပဋိပစ္စည်းများသည် ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရသည့် ကိုးလအကြာတွင် စတင်ကျဆင်းသွားတတ်ကြောင်း သိရသည်။

သွေးလှည့်ပတ်မှုစနစ်အတွင်းရှိ ပဋိပစ္စည်းများကမူ ကိုဗစ်ရောဂါ ကူးစက်ခံရပြီးနောက်ပိုင်း အနည်းဆုံးတစ်နှစ်ထိ တည်မြဲနေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေးများသည် သွေးလှည့်ပတ်မှုစနစ်အတွင်း ပဋိပစ္စည်းများပေါ်ထွက်မှုကို အားပေးတတ်သော်လည်း နှာခေါင်းလမ်းကြောင်း ပဋိပစ္စည်းများအပေါ်တွင်မူ အကျိုးသက်ရောက်မှု အနည်းငယ်သာရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

နှာခေါင်းလမ်းကြောင်းပဋိပစ္စည်းများ အကျမြန်မှုသည် ကိုဗစ်ရောဂါ ထပ်မံကူးစက်ခံရမှုများ၏ အဓိကအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလူနာ ၄၅၀ ခန့်တို့၏ ပဋိပစ္စည်းထွက်ပေါ်မှုအဆင့်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ခြေလှမ်းများများလျှောက်သူ အမျိုးသမီးများ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို ပိုလျှော့ချနိုင်

**နယူးယောက် ဒီဇင်ဘာ ၂၇**

အမျိုးသမီးများအနေဖြင့် နေ့စဉ်ခြေလှမ်းများများ လျှောက်နိုင်လေလေ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ လျှော့ချနိုင်လေလေဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၆ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဗင်ဒါဘီးလ် သုတေသနအင်စတီကျူမှ သုတေသနပညာရှင်များသည် ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် လူပေါင်း ၅၆၀၀ ကျော်တို့၏ အီလက်ထရွန်နစ်ကျန်းမာရေး သတင်းအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ မည်သည့်ကိုယ်လက်လှုပ်ရှားမှုပုံစံမျိုးကိုမဆို အချိန်ပိုပေး၍ လုပ်လေလေ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကိုလည်း ပို၍လျှော့ချနိုင်လေလေဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အမျိုးသမီးများအနေဖြင့် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ရာတွင် ခြေလှမ်းအရေအတွက်ပိုများပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို ပို၍လျှော့ချနိုင်သည်ကို တွေ့ရကြောင်း၊ နေ့စဉ်ပျမ်းမျှခြေလှမ်း ၁၀၇၀၀ (ငါးမိုင်ကျော်ကျော်ခန့်)လျှောက်သူတိုင်း၌ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေသည် ခြေလှမ်း ၆၀၀၀ ပုံမှန်လျှောက်သူများထက် ၄၄ ရာခိုင်နှုန်းပိုနည်းကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်တွင် ဂိုးဖန်တီးမှုအများဆုံး ခံစစ်ကစားသမားအဖြစ် ရော်ဘင်ဆင်စံချိန်သစ်တင်

**လန်ဒန် ဒီဇင်ဘာ ၂၇**

ပရီးမီးယားလိဂ်ပွဲစဉ် (၁၇) အဖြစ် အေဗီလာအသင်းနှင့်လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် လီဗာပူးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခံစစ်ကစားသမား ရော်ဘင်ဆင်အနေဖြင့် တိုက်စစ်မှူး ဆာလာဟ်၏ သွင်းဂိုးကို ဖန်တီးပေးနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်တွင် ဂိုးဖန်တီးမှုအများဆုံး ခံစစ်ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အဲဗာတန်အသင်းခံစစ်ကစားသမားဟောင်း လေတန်ဘိန်းက ဂိုးဖန်တီးမှု ၅၃ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်ခဲ့သော်လည်း ယခုပွဲစဉ်တွင် လီဗာပူးအသင်းခံစစ်ကစားသမား ရော်ဘင်ဆင်က ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် စုစုပေါင်း ဂိုးဖန်တီးမှု ၅၄ ကြိမ်ဖြင့် လေတန်ဘိန်းကို ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ ပရီးမီးယားလိဂ်သမိုင်းတွင် ဂိုးဖန်တီးမှုအများဆုံး ခံစစ်ကစားသမားအဖြစ် ရော်ဘင်ဆင်က အဆင့် (၁)၊ အဲဗာတန်ကစားသမားဟောင်း လေတန်ဘိန်းက အဆင့် (၂)၊ အသင်းဖော်ခံစစ်ကစားသမား အလက်ဇန္ဒားအာနိုးက ၄၅ ကြိမ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။

ခံစစ်ကစားသမား ရော်ဘင်ဆင်က "အရင်က ဂိုးဖန်တီးမှုမှာ ကျွန်တော်နဲ့ အသင်းဖော်အာနိုးတို့ ကွာခြားမှုမရှိပါဘူး။ ၂၀၂၀ ပြည့်နှစ်ကစလို့ ဘယ်သူဖန်တီးမှု အများဆုံး လုပ်နိုင်မလဲဆိုတာ ယှဉ်ပြိုင်ခဲ့တာပါ။ ဒီလို ယှဉ်ပြိုင်တာကလဲ အသင်းကို နိုင်ပွဲရဖို့ ကူညီစေချင်လို့ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့နှစ်ယောက်အတွက် အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ရော်ဘင်ဆင်သည် ၂၀၁၇ ခုနှစ်က ဟူးလ်စီးတီးအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ၂၄၁ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၆၄ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ML



> ## အားကစားသတင်း အတိုအထွာများ
>
> - ချဲလ်ဆီးအသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် အေတီကိုအသင်းတိုက်စစ်မှူး ဂျာအိုဖီးလစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
> - အဲဗာတန်အသင်းက မန်ယူအသင်း လူငယ်ကစားသမား အယ်လန်ဂါကို ခေါ်ယူရန် အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။
> - အေဗီလာအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က အသက် ၂၈ နှစ်ရှိ ဖူလ်ဟမ်အသင်း တိုက်စစ်မှူး မက်ထရိုဗစ်ကိုခေါ်ယူရန် အပြိုင် ကြိုးပမ်းလျက်ရှိသည်။
>
> ML

# ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားရန် လာမည့်ရက်ပိုင်းအတွင်း စီရော်နယ်ဒို ဆေးစစ်မှုခံယူမည်ဟု သတင်းထွက်ပေါ်




**လစ္စဘွန်း ဒီဇင်ဘာ ၂၇**

မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် စီရော်နယ်ဒိုသည် ဆော်ဒီထိပ်သီးကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများ ပြုလုပ်သွားမည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်ဟု CBS Sport သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီက အင်တာဗျူးအစီအစဉ်တစ်ခုတွင် မန်ယူအသင်းမှ တာဝန်ရှိသူများနှင့် နည်းပြတန်ဟတ်ကို လူသိရှင်ကြားဝေဖန်မှုများ ပြုလုပ်ခဲ့သည့်အတွက် မန်ယူအသင်းက စာချုပ်ဖျက်သိမ်းပြီး အသင်းမှ ထုတ်ပယ်ခဲ့သည့်အတွက် လက်ရှိတွင် ၎င်းသည် ကလပ်အသင်းလက်မဲ့ ဖြစ်နေခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် အစောပိုင်းက ဥရောပထိပ်တန်းကလပ်အသင်းများဖြစ်သည့် အသင်းဟောင်း ရီးရဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်အသင်း၊ ချဲလ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်းတို့နှင့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ၎င်း၏ မြင့်မားသည့် လုပ်ခလစာကြောင့် ခေါ်ယူမည့်အသင်း မရှိသည့်အတွက် နောက်ဆုံးတွင် အယ်နာဆာအသင်း တစ်သင်းတည်းနှင့်သာ သတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် စီရော်နယ်ဒိုတို့ စာချုပ်ဖျက်သိမ်းကတည်းက အယ်နာဆာအသင်းက စီရော်နယ်ဒိုကို ခေါ်ယူရန် ကြိုးပမ်းမှုများစတင်ခဲ့ပြီး လက်ရှိတွင် တစ်နှစ်လုပ်ခစတာလင်ပေါင် ၁၇၃ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီဟု သတင်းများထွက်ပေါ်နေပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများခံယူပြီးလျှင် စာချုပ်ချုပ်ဆိုသွားဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။

STA

# တစ်နှစ်တာအကောင်းဆုံးဂေါက်သီးရိုက်ချက်အဖြစ် စကော့တီရှက်ဖလာ၏ ရိုက်ချက် ရွေးချယ်ခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန် ဂေါက်သီးရိုက် စာရေးဆရာများအသင်းက ချီးမြှင့်သည့် ၂၀၂၂ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ချက်အဖြစ် အမေရိကန်ကစားသမား စကော့တီရှက်ဖလာ၏ မာစတာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရိုက်နိုင်ခဲ့သော ရိုက်ချက်က တစ်နှစ်တာအကောင်းဆုံးရိုက်ချက်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ တတိယကျင်းတွင် ထင်းရှူးပင်များအကြား ရောက်ရှိနေသည့် ဂေါက်သီးအား ကျင်းဝင်အောင်ရိုက်နိုင်ခဲ့သလို အဆိုပါကျင်းတွင် Birdie ရိုက်ချက်လည်း ရယူနိုင်ခဲ့သည်။

အဆိုပါ သုံးကျင်းမြောက်တွင် ရိုက်နိုင်ခဲ့သည့် ရိုက်ချက်ကြောင့်လည်း မာစတာဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာအား ချန်ပီယံဖြစ်လာစေရန် အဓိက အထောက်အပံ့ဖြစ်စေခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံး ရိုက်ချက်စာရင်းတွင် ဆန်ခါတင်ရွေးချယ်ခံခဲ့ရသော ရိုက်ချက်များမှာ Pebble Beach ဂေါက်သီးရိုက်ပြိုင်ပွဲမှ ဂျော်ဒန်စပိုက်၏ တတိယနေ့တွင် ရိုက်နိုင်ခဲ့သော Swing ရိုက်ချက်၊ Waste Management Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲမှ အမေရိကန်ဂေါက်သီးရိုက်ကစားသမားဆမ်ရိုက်တာ၏ ပထမနေ့ ၁၆ ကျင်းမြောက်တွင် ၁၂၅ ကိုက်အကွာမှ ကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ရိုက်ချက်၊ PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်၏ ပထမနေ့ ၁၇ ကျင်းမြောက်တွင် ရိုက်နိုင်ခဲ့သောရိုက်ချက်၊ U.S Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဖစ်ပက်ရစ်ဇ်၏ ပထမနေ့ ၁၈ ကျင်းမြောက်တွင် ရိုက်နိုင်ခဲ့သော ရိုက်ချက်များဖြစ်ကြောင်း အမေရိကန် ဂေါက်သီးရိုက်စာရေးဆရာများအသင်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

AZL

# 2022 European Sportsperson of the Year ဆုကို ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ် ဆွတ်ခူး

**ဝါဆော ဒီဇင်ဘာ ၂၇**

ပိုလန်နိုင်ငံအခြေစိုက် Polish Press Agency က ချီးမြှင့်သည့် ၂၀၂၂ ခုနှစ်အတွက် ဥရောပ၏ အကောင်းဆုံး အားကစားသမားဆုဖြစ်သည့် 2022 European Sportsperson of the Year ဆုကို ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် စဝီယာတက်ခ်က ဆွတ်ခူးခဲ့ကြောင်း Sport Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ၂၀၂၂ ခုနှစ်အတွင်း အောင်မြင်မှုများစွာ ဆွတ်ခူးခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာဖြင့်လည်း ၂၀၂၂ ခုနှစ် တင်းနစ်ရာသီကို အဆုံးသတ်နိုင်ခဲ့သည်။

အဆိုပါဆုအတွက် စဝီယာတက်ခ်က တုတ်ထောက်ခုန် ကမ္ဘာ့ချန်ပီယံ ဆွီဒင်ကစားသမား အာမန်ဒူပလန်တစ်နှင့်ဘယ်လ်ဂျီယံ ဖော်မြူလာဝမ်း ကားမောင်းချန်ပီယံ ဗာစတပ်ပန်တို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

2021 European Sportsperson of the Year ဆုကို တင်းနစ်ကစားသမား ဂျိုကိုဗစ်က ဆွတ်ခူးခဲ့ပြီး ယခုနှစ်တွင်လည်း စဝီယာတက်ခ်က ထပ်မံဆွတ်ခူးနိုင်ခဲ့သည့်အတွက် European Sportsperson of the Year ဆုကို တင်းနစ်လောကမှ နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

European Sportsperson of the Year ဆုကို၂၀၂၀ပြည့်နှစ်၌ ပိုလန်ဘောလုံးသမား လီဝမ်ဒေါ်စကီးက ၁၉၇၄ ခုနှစ်နောက်ပိုင်း European Sportsperson of the Year ဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး စဝီယာတက်ခ်က ၁၉၇၄ ခုနှစ်နောက်ပိုင်း ဒုတိယမြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

Polish Press Agency က "2022 European Sportsperson of the Year ဆုအတွက် မတူညီသော အားကစားကဏ္ဍအသီးသီးမှ ကစားသမားစုစုပေါင်း ၅၈ ဦးကို ဆန်ခါတင်ရွေးချယ်ခဲ့ပါတယ်။ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ၁၁၈ မဲနဲ့ 2022 European Sportsperson of the Year ဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဆွီဒင်တုတ်ထောက်ခုန်ကစားသမား အာမန်ဒူပလန်တစ်က ၁၀၆ မဲနဲ့ ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ဘယ်လ်ဂျီယံ ဖော်မြူလာဝမ်း ကားမောင်းချန်ပီယံ ဗာစတပ်ပန်က ၈၂ မဲဖြင့်တတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပါတယ်" ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



AZL

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကြွတားဖိုင်နယ်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကြွတားဖိုင်နယ်နှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ် အားကစားရုံနှင့် လက်ဝှေ့ အားကစားရုံတို့တွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကြွတားဖိုင်နယ် ပွဲစဉ်များအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနအသင်းက ပြည်ထဲရေးဝန်ကြီး ဌာနအသင်းကို ခြောက်ဂိုး သုံးဂိုး ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း ကို ကိုးဂိုး ငါးဂိုးဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနအသင်းက စွမ်းအင်ဝန်ကြီး ဌာနအသင်းကို ၁၀ ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီး ဌာနအသင်းကို ကိုးဂိုး ခြောက်ဂိုး ဖြင့်လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့သည်။

ဆက်လက်ပြီး လက်ဝှေ့ရုံတွင် ကျင်းပခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ် အဆင့် ပွဲစဉ်များတွင် အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း က နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း ကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

STA

# နာပိုလီအသင်းက ဝုဝ်အသင်း ကစားသမား ထရာအိုရေးကို ခေါ်ယူရန် ကြိုးပမ်း

**ရောမ ဒီဇင်ဘာ ၂၇**

စီးရီးအေကလပ် နာပိုလီ အသင်းသည် အသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးရန် ခြောက်လ သာကျန်ရှိတော့သည့် ဝုဝ်အသင်း ကွင်းလယ်ကစားသမား ထရာအိုရေး ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလ တွင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ထရာအိုရေး သည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ခြောက်ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ပြီး လူစားဝင် ကစားသမားအဖြစ်သာ ကစားနေရ သော်လည်း ၎င်းသည် လျင်မြန်မှု ကောင်းသည့် ကစားသမားတစ်ဦး ဖြစ်သည့်အတွက် အသင်း၏ကစား ကွက်နှင့်ကိုက်ညီမှု ရှိသောကြောင့် ထရာအိုရေးကို နာပိုလီအသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင်ခေါ်ယူရန် စိတ်ဝင်စားနေ ကြောင်း သိရသည်။

ဝုဝ်အသင်းသည် လာမည့် ၂၀၂၃ ခုနှစ် ဇွန်လတွင် စာချုပ် သက်တမ်းကုန်ဆုံးမည့် ထရာအိုရေး ကို သက်တမ်းတိုးရန် ဆန္ဒရှိနေ သော်လည်း အသင်း၏ဘဏ္ဍာရေး အခက်အခဲကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းချ ရန်စီစဉ်နေသကဲ့သို့ ကစားသမား ကိုယ်တိုင်ကလည်း ပုံမှန်ပွဲကစားခွင့် ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့မည် ဖြစ်သောကြောင့် နာပိုလီအသင်းအနေဖြင့် ထရာအိုရေး ကို ခေါ်ယူနိုင်ရန် သေချာနေသည်။

ထရာအိုရေးသည် ၎င်း၏ ကစားသမားဘဝကို ၂၀၁၃ ခုနှစ် က ဘာစီလိုနာအသင်းနှင့်စတင်ခဲ့ ပြီးနောက် ၂၀၁၅ ခုနှစ်တွင် အေဗီလာအသင်း၊ ၂၀၁၆ ခုနှစ် တွင် မစ်ဒယ်ဘရော့အသင်း၊ ၂၀၁၈ ခုနှစ်တွင် ဝုဝ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်း နှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

ML

# ဂတ်ပိုကို စတာလင်ပေါင် ၄၄ သန်းဖြင့်ရောင်းချရန် လီဗာပူးနှင့် သဘောတူညီမှုရခဲ့ကြောင်း ပီအက်စ်ဗွီအသင်း ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၇**

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ တွင် နယ်သာလန်အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့် တိုက် စစ်မှူး ဂတ်ပိုသည် ပရီးမီးယားလိဂ် ကလပ် လီဗာပူးအသင်းသို့ ပြောင်း ရွှေ့ကြေးစတာလင်ပေါင် ၄၄ သန်း ဖြင့် ရောက်ရှိခဲ့ကြောင်း ပီအက်စ်ဗွီ အသင်းက ထုတ်ပြန်ကြေညာခဲ့ သည်ဟု Goal.com က ယနေ့ တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် ပြီးခဲ့ သည့် နွေရာသီအပြောင်းအရွှေ့ ကာလကတည်းက ဂတ်ပိုကိုခေါ်ယူ ရန် ပစ်မှတ်ထားခဲ့သော်လည်း ပီအက်စ်ဗွီအသင်းက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလမှ ရောင်းချရန် ဆုံးဖြတ်ထားသဖြင့် လက်လျှော့ခဲ့ရပြီး ယခုအခါ၎င်း၏ ခြေစွမ်းပိုင်းကြောင့် ပရီးမီးယား လိဂ်ကလပ် မန်ယူအသင်းအပါ အဝင် ဥရောပထိပ်သီးကလပ် အသင်းက ခေါ်ယူရန် အပြိုင် ကြိုးပမ်းနေချိန်တွင် လီဗာပူး အသင်းက စတာလင်ပေါင် ၄၄ သန်းဖြင့် ခေါ်ယူရန် လက်ဦးမှုရယူ နိုင်ခဲ့ကြောင်း သိရသည်။

လီဗာပူး အသင်းအနေဖြင့် တောင်ပံတိုက်စစ်ကစားသမားများ ဖြစ်သည့် ဂျိုတာ၊ လူးဝစ်ဒီယက်ဇ် တို့ ဒဏ်ရာပြဿနာရှိနေသဖြင့် တိုက်စစ်ပိုင်း ထပ်မံမြှင့်တင်ရန် လိုအပ်လျက်ရှိနေချိန်တွင် ကလပ် အသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတို့ တွင် အဓိက သွင်းဂိုးများသွင်းယူ၍ ခြေစွမ်းပြကစားနေသည့် အသက်




၂၃ နှစ်ရှိ တိုက်စစ်မှူး ဂတ်ပိုကိုသာ ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ဂတ်ပိုနှင့်ပတ်သက် သည့် အပြောင်းအရွှေ့အသေးစိတ် ကို ထုတ်ပြန်ခြင်း မရှိသေးသော် လည်း လာမည့် ၇၂ နာရီအတွင်း တရားဝင်ထုတ်ပြန်ကြေညာမည်ဟု နှစ်ဖက် အသင်းတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ML

# ကန်နဲလိုအယ်ဗာရက်ဖြင့် မကျေပွဲထိုးသတ်သွားရန် စိတ်မဝင်စားကြောင်း လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဘီဗိုလ် ပြောကြား

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၇**

WBA (Super) လိုက်ဟဲဗီး ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရုရှား လက်ဝှေ့သမားဘီဗိုလ်သည် မက္ကဆီကို လက်ဝှေ့သမား WBA (Super)၊ WBC၊ IBF၊ WBO မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကန်နဲလိုအယ်ဗာရက်ဖြင့် မကျေပွဲ ထိုးသတ်သွားရန် သတင်းများထွက် ပေါ်နေသော်လည်း ဘီဗိုလ်က ကန်နဲလိုအယ်ဗာရက်ဖြင့် မကျေပွဲ ထိုးသတ်သွားရန် စိတ်မဝင်စား ကြောင်း ထုတ်ဖော်ပြောကြားခဲ့ သည်ဟု Boxing Scene သတင်း ဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ဘီဗိုလ်နှင့်ကန်နဲလိုအယ်ဗာရက် သည်၂၀၂၂ ခုနှစ် မေ ၇ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ၌ WBA (Super) လိုက်ဟဲဗီး ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆိုက်စိန်ခေါ်ပွဲ အဖြစ်စိန်ခေါ် ထိုးသတ်ခဲ့ကြသည်။

ယင်းပွဲစဉ်တွင် ကန်နဲလိုအယ် ဗာရက်က ရှုံးနိမ့်ခဲ့သဖြင့် WBA (Super) လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ ချန်ပီယံကိုပါ ဆွတ်ခူးနိုင်မည့် အခွင့်အရေးကို ဆုံးရှုံးခဲ့ရသည်။

ဘီဗိုလ်သည် ကန်နဲလိုအယ်ဗာ ရက်နှင့် ထိုးသတ်မည်မဟုတ်ဘဲ WBC၊ IBF၊ WBO လိုက်ဟဲဗီး ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရုရှား လက်ဝှေ့သမားဘီတာဘီယက်ဗ်နှင့် ထိုးသတ်သွားရန် စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ဘီတာဘီယက်ဗ် သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် WBC၊ IBF၊ WBO လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့ သမား အန်တိုနီယက်ဒီနှင့် ထိုးသတ်သွားမည်ဖြစ်သည်။

ထို့ကြောင့် ဘီဗိုလ်အနေဖြင့် ဘီတာဘီယက်ဗ်နှင့် ထိုးသတ်သွား ရန် စောင့်ဆိုင်းသွားရမည်ဖြစ်ပြီး အန်တိုနီယက်ဒီနှင့် စိန်ခေါ်ပွဲ ထိုးသတ်ပြီးမှသာစိန်ခေါ်သွားမည် ဟု ဘီဗိုလ်က ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## စပိန်လာလီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို Vs အယ်ချီ**

**ကစားမည့်ရက်/အချိန် ၃၀-၁၂-၂၀၂၂ (နံနက် ၀၃း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အယ်ချီ ၀ - ၂ အေတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | - | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| အယ်ချီ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |

ထိပ်တိုက်တွေ့ဆုံမှုတိုင်းမှာ အနိုင်ရရှိထားတဲ့ အေတီကိုအသင်းဟာ အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးလာမှာပါ။ လက်ရှိ အယ်ချီ အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ အေတီကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ် ကစားနိုင်ဖို့ ခက်ခဲနေမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းရောထိပ်တိုက်တွေ့ ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ အေတီကိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

**အင်တာနက်ခန့်မှန်း - အေတီကို ၂ - ၀ အယ်ချီ**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်

STA

**မာဆေး Vs တူးလော့စ်**

**ကစားမည့်ရက်/အချိန် ၃၀-၁၂-၂၀၂၂ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၁ - ၀ တူးလော့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| တူးလော့စ် | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ မာဆေးအသင်းဟာ အခုပွဲစဉ်မှာ တူးလော့စ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ တူးလော့စ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန် နေရပြီး ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်း အသာစီးမှာရှိနေတဲ့ မာဆေးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - မာဆေး ၃ - ၁ တူးလော့စ်**

# ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာပြောင်းလဲကျင့်သုံးလာသော ဂျပန်နိုင်ငံ



ဂျပန်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာမဟာဗျူဟာ ပြန်လည်ပြောင်းလဲကျင့်သုံးခြင်းအားဖြင့် သမိုင်းမှတ်တိုင်သစ်တစ်ရပ်စိုက်ထူလျက်ရှိသည်။ အမျိုးသား ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲကာ ဒုံးကျည်ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်သည့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူသွားမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါဖူမီယို၏ အစိုးရအဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်တွင် တိုင်းပြည်လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက် (၃) ရပ်ကို အတည်ပြုခဲ့သည်။ အဆိုပါစီမံချက် (၃) ရပ်သည် ဒုတိယကမ္ဘာစစ်ပွဲအလွန်ကာလတွင် ဂျပန်နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာ အပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့သည်။ ဂျပန်နိုင်ငံသည် ကာကွယ်ရေးနှင့်ပတ်သက်၍ ပုံမှန်နိုင်ငံတော်အဖြစ် တဖြည်းဖြည်းချင်းပြောင်းလဲအကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ တိုင်းပြည်ကို ဒုံးကျည်များဖြင့် တိုက်ခိုက်လာလျှင် ပြန်လည်ချေမှုန်းနိုင်မည့် စွမ်းဆောင်ရည်များ တည်ဆောက်လျက်ရှိသည်။ တိုကျိုသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက သိမ်မွေ့နက်နဲသော လုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်တွင် ရပ်တည်ရလျက်ရှိသည်။ ထို့ကြောင့် အမျိုးသားလုံခြုံရေးဆိုင်ရာမဟာဗျူဟာ (NSS) သည် လုံခြုံရေးဆိုင်ရာမဟာဗျူဟာစီမံချက် (၃) ရပ်အနက် အရေးကြီးဆုံးပင်ဖြစ်သည်။

အမှန်တော့ လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မဟာဗျူဟာ (FOIP) သည် ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးအတွက် စိတ်တူ၊ ကိုယ်တူနိုင်ငံများနှင့် ဂျပန်နိုင်ငံ၏လုံခြုံရေးတို့ကို ပူးပေါင်းဆောင်ရွက်ရာတွင် များစွာအရေးပါလျက်ရှိသည်။ NSS တွင်ဖော်ပြထားသော ဂျပန်နိုင်ငံ၏ စိတ်တူ၊ ကိုယ်တူနိုင်ငံများမှာ အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါ၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် အချို့သော အရှေ့တောင်အာရှနိုင်ငံများပင်ဖြစ်သည်။ အခြားသောမဟာဗျူဟာစီမံချက် (၂) ရပ်မှာ အမျိုးသားကာကွယ်ရေးမဟာဗျူဟာ (NDS) နှင့် ကာကွယ်ရေးဆိုင်ရာ တည်ဆောက်ရေးအစီအစဉ် (DBP)တို့ဖြစ်သည်။ အဆိုပါစီမံချက်များအရ ဂျပန်နိုင်ငံ၏ မဟာဗျူဟာ၊ ကာကွယ်ရေးဆိုင်ရာမူဝါဒနှင့် ကာကွယ်ရေးပစ္စည်းဝယ်ယူရေး ရည်မှန်းချက်များကို ပြောင်းလဲပုံဖော်သွားမည်ဖြစ်သည်။

NSS သည် လာမည့်ဆယ်စုနှစ်အတွင်း သံတမန်ရေး၊ ကာကွယ်ရေး၊ စီးပွားရေးလုံခြုံမှု၊ နည်းပညာ၊ ဆိုက်ဘာနှင့်ထောက်လှမ်းရေးတို့အတွက် တိုင်းပြည်၏ အဆင့်မြင့် မဟာဗျူဟာလမ်းညွှန်ချက်ပင်ဖြစ်သည်။ ယခင်က အမျိုးသားကာကွယ်ရေးအစီအစဉ် လမ်းညွှန်ချက်များအဖြစ် လူသိများသော NDS သည် ကာကွယ်ရေးဆိုင်ရာရည်မှန်းချက်များ သတ်မှတ်ထားပြီး အဆိုပါရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် လုပ်နည်းကိုင်နည်းများ ချမှတ်ပေးသွားမည်ဖြစ်သည်။ ယခင်က ကာလလတ်ကာကွယ်ရေး အစီအစဉ်အဖြစ် လူသိများသော DBP သည် လာမည့် ငါးနှစ်မှ ၁၀ နှစ်အတွင်း ကာကွယ်ရေးပစ္စည်းများ ဝယ်ယူရေးအတွက် ကာကွယ်ရေးအသုံးစရိတ်စုစုပေါင်းကို ဖော်ပြပေးသွားမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၃၄၃ ဘီလီယံ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း DBP ၌ ဖော်ပြထားရှိသည်။ ဂျပန်နိုင်ငံသည် တိုးမြှင့်သုံးစွဲသော ကာကွယ်ရေးအသုံးစရိတ်ဖြင့် အမေရိကန်နိုင်ငံထုတ် Tomahawk ခရူဇ်ဒုံးကျည်များအပါအဝင် တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိသော ဒုံးကျည်များ ဝယ်ယူသွားမည်ဖြစ်သည်။

ဒေသတွင်း၌ ဒုံးကျည်များဖြင့် တိုက်ခိုက်နိုင်သော စွမ်းဆောင်ရည်များသည် အရေအတွက်အပြင် အရည်အသွေးပိုင်းအရလည်း တိုးတက်လာလျက်ရှိသောကြောင့် ဂျပန်နိုင်ငံအနေဖြင့်လည်း ဒုံးကျည်စွမ်းဆောင်ရည်များ တိုးတက်တည်ဆောက်ရလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ် (BMD) တစ်ခုတည်းအပေါ်တွင်သာ အားထားမှီခိုနေမည်ဆိုလျှင် ဒုံးကျည်ခြိမ်းခြောက်မှု အန္တရာယ်များကို ကာကွယ်နိုင်ရေးအတွက် အခက်အခဲဖြစ်ပေါ်စေနိုင်သည်။ ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်သည် စစ်ဆန့်ကျင်ရေးဆိုင်ရာ ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတကာဥပဒေတို့၏ ကန့်သတ်ချက် ဘောင်အတွင်း၌သာရှိနေသည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေအရ ဂျပန်နိုင်ငံကို စတင်ကျူးကျော်တိုက်ခိုက်လာမှသာလျှင် တုံ့ပြန်တိုက်ခိုက်ခွင့်ရှိမည်ဖြစ်သည်။ ဆိုရလျှင် ဂျပန်နိုင်ငံအနေဖြင့် မည်သည့်နိုင်ငံကိုမျှ လက်ဦးမှုရယူတိုက်ခိုက်ခွင့်မရှိကြောင်း စစ်ဆန့်ကျင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားရှိသည်။ ဆိုလိုသည်မှာ တိုင်းပြည်၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်လာမှသာလျှင် ဂျပန်နိုင်ငံအနေဖြင့် အနည်းဆုံးအင်အားအသုံးပြုကာ တုံ့ပြန်တိုက်ခိုက်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက် (၃) ရပ်သည် အင်အားကြီးထွားလာသော တရုတ်နိုင်ငံကို မည်ကဲ့သို့ကိုင်တွယ်သွားမလဲ၊ တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးထွားလာမှုကို ဂျပန်နိုင်ငံအနေဖြင့် မည်သို့ရင်ဆိုင်သွားမလဲ၊ တရုတ်နိုင်ငံနှင့်ထိပ်တိုက်ရင်ဆိုင်နိုင်ရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် ကာကွယ်ရေးအသုံးစရိတ် မည်မျှသုံးစွဲသွားပြီး ကာကွယ်ရေးစွမ်းဆောင်ရည် မည်မျှမြှင့်တင်သွားမလဲဆိုသော အချက်တို့ကို အလေးထားဖော်ပြထားသည်။

နောက်ဆုံးရေးဆွဲထားသော NSS သည် တရုတ်နိုင်ငံကို ဂျပန်နိုင်ငံအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုအဖြစ် ဖော်ပြထားသည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံကိုလည်း ဂျပန်နိုင်ငံ၏အနီးကပ်ဆုံး ခြိမ်းခြောက်မှုအဖြစ် ဖော်ပြထားသည်။ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ အမျိုးသားရည်မှန်းချက်များ၊ စစ်ရေးအလားအလာများ၊ စစ်ရေးစွမ်းဆောင်ရည်များကို အနီးကပ်စောင့်ကြည့်လျက် ၎င်း၏ကာကွယ်ရေး စွမ်းဆောင်ရည်များ တိုးတက်အောင် တည်ဆောက်သွားရမည်ဖြစ်သလို တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာပြီဖြစ်သည့်အတွက် နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံသွားရန်လည်း လိုအပ်လျက်ရှိသည်။ စစ်ရေး၊ စီးပွားရေးနှင့် သံခင်းတမန်ခင်းဆိုင်ရာရှုထောင့်များတွင် တရုတ်နိုင်ငံကို ခြိမ်းခြောက်သူအဖြစ် သုံးနှုန်းပြောဆိုနေခြင်းသည် သင့်တင့်လျောက်ပတ်သော လုပ်ဆောင်ချက်တစ်ရပ်တော့မဟုတ်ပေ။

တရုတ်နိုင်ငံသည် ကြီးမားသောစိန်ခေါ်မှုဖြစ်လာသည့်တိုင်အောင် ဂျပန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံရာတွင် မတူညီသောရှုထောင့်များမှချဉ်းကပ်သွားရန် လိုအပ်ပေသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သော အမျိုးသားလုံခြုံရေး မဟာဗျူဟာ၌ပင်လျှင် တရုတ်နိုင်ငံကို အမေရိကန်၏ ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုအဖြစ်ဖော်ပြထားသည့်တိုင်အောင် ဂျပန်နှင့်အမေရိကန်တို့သည် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာတွင် ကိုယ်ပိုင်ဟန်ဖြင့် ချဉ်းကပ်လျက်ရှိသည်။

**❖ တရုတ်နိုင်ငံသည် ကြီးမားသောစိန်ခေါ်မှုဖြစ်လာသည့်တိုင်အောင် ဂျပန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်ထိတွေ့ဆက်ဆံရာတွင် မတူညီသော ရှုထောင့်များမှချဉ်းကပ်သွားရန် လိုအပ်ပေသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်သော အမျိုးသားလုံခြုံရေး မဟာဗျူဟာ၌ပင်လျှင် တရုတ်နိုင်ငံကို အမေရိကန်၏ ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုအဖြစ်ဖော်ပြထားသည့် တိုင်အောင် ဂျပန်နှင့်အမေရိကန်တို့သည် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ တွင် ကိုယ်ပိုင်ဟန်ဖြင့် ချဉ်းကပ်လျက်ရှိသည်။ ❖**

အမေရိကန်သည် တစ်ခါတစ်ရံ ၎င်း၏အရေးပါသော ထုတ်ပြန်ချက်များတွင် တရုတ်နိုင်ငံကို ခြိမ်းခြောက်မှုအဖြစ် ရည်ညွှန်းဖော်ပြလေ့ရှိသည်။ သာဓကအနေဖြင့် အမေရိကန်ရေတပ်၊ မရိန်းတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်ဖွဲ့များက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော "ပင်လယ်ပြင်စိုးမိုးရေးအတွက် ရေတပ်စွမ်းဆောင်ရည်များပေါင်းစည်းရေး" မဟာဗျူဟာ၌ တရုတ်နိုင်ငံကို ခြိမ်းခြောက်မှုအဖြစ် ဖော်ပြထားသည်။

စင်စစ်အားဖြင့် နိုင်ငံတစ်နိုင်ငံကို ခြိမ်းခြောက်သူအဖြစ် ဖော်ပြခြင်းသည် ထိပ်တိုက်ရင်ဆိုင်မှုနှင့် မတည်ငြိမ်မှုတို့ကိုသာ ဖြစ်ပေါ်စေနိုင်ပေသည်။ နယ်မြေပိုင်ဆိုင်မှုနှင့် သမိုင်းကြောင်းဆိုင်ရာများ ရောထွေးနေချိန်၌ အကောင်း၊ အဆိုး ဒွန်တွဲနေသော ဝါဒတစ်ခုသည် နိုင်ငံတိုင်းကို အမျိုးသားရေးဝါဒနှင့် မျိုးချစ်စိတ်ဓာတ်များပြင်းထန်လာစေပြီး စိတ်ခံစားချက် ထိန်းချုပ်နိုင်စွမ်းလျော့နည်းလာစေတတ်သည်။ သို့သော် မပြတ်သားသောရပ်တည်ချက်သည်လည်း အခြားနိုင်ငံများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် အင်အားချည့်နဲ့စေပြီး ပဋိပက္ခကြီးထွားလာစေနိုင်ပေသည်။ အခြားတစ်ဖက်တွင်လည်း မပြတ်သားသော မဟာဗျူဟာသည် နားလည်မှုလွဲမှားမှုများနှင့် မျှော်မှန်းမထားသော ပဋိပက္ခများဖြစ်ပေါ်စေကာ အန္တရာယ်ကြီးမားသော အခြေအနေသို့ ဆိုက်ရောက်သွားစေနိုင်ပေသည်။ ထို့ကြောင့် ရှင်းလင်းပြတ်သားသော မဟာဗျူဟာသည် အင်စတီကျူးရှင်းများအတွင်း လွယ်လွယ်ကူကူပုံ့နှံစေပြီး မူဝါဒများအကောင်အထည်ဖော်နိုင်ခြင်းနှင့် ပြည်တွင်း၊ ပြည်ပ၌လည်း ပွင့်လင်းမြင်သာမှုတို့ကို ဖော်ဆောင်သွားနိုင်ပေသည်။

သာဓကအနေဖြင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် အမေရိကန်စစ်ဘက်အနေဖြင့် တရုတ်(တိုင်ပေ)ကို တရုတ်နိုင်ငံ၏တိုက်ခိုက်မှုမှ ကာကွယ်သွားမည်ဟု အကြိမ်ကြိမ်ပြောဆိုလျက်ရှိသော်လည်း တရုတ်(တိုင်ပေ)တွင် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာမည်ကိုလျှော့ချသွားနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ သို့သော် အမေရိကန်နိုင်ငံရေးသမားများကမူ သမ္မတဂျိုးဘိုင်ဒင်၏ မူဝါဒသည် ပဋိပက္ခများ ပိုမိုဖြစ်ပေါ်လာစေနိုင်ကြောင်း ထောက်ပြပြောဆိုလျက်ရှိသည်။

စင်စစ်အားဖြင့် အမေရိကန်သည် နိုင်ငံတကာအခင်းအကျင်း ပြန်လည်ပုံဖော်တည်ဆောက်ရာတွင် တရုတ်နိုင်ငံကို အဓိကပြိုင်ဘက်အဖြစ် ရှုမြင်လျက်ရှိသည်။ အထူးသဖြင့် စီးပွားရေး၊ သံတမန်ရေး၊ စစ်ရေးနှင့် နည်းပညာစွမ်းအားတို့တွင် ပြိုင်ဆိုင်မှုပြင်းထန်လာလျက်ရှိသည်။ ဂျပန်နိုင်ငံ၏လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက် (၃) ရပ်၌ လက်ရှိ အမေရိကန်၏ အနေအထားသည် ဆယ်စုနှစ်တစ်ခုမျှ နောက်ကျကျန်ရစ်နေပြီဖြစ်ကြောင်း ဖော်ပြထားရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် ဂျပန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံကို မည်ကဲ့သို့ရင်ဆိုင်သွားမလဲဆိုသော မေးခွန်းများ ထွက်ပေါ်လာလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဂျပန်နိုင်ငံအနေဖြင့် လာမည့် ဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ ခေါင်းခဲစရာ မေးခွန်းများကို အဖြေထုတ်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **Japan's Major Turning Point on Defense Policy by The Diplomat.**

**မောင်သောင်းဝင်း (တမန်ဟောင်း)**

# Passing-out Parade of 9th Intake of Graduate Female Cadet Course and dinner held





Vice-Senior General Soe Win takes the salute of graduate female cadets.

**Nay Pyi Taw December 27**

The Passing-out Parade of the 9th Intake of Graduate Female Cadet Course was held at the parade ground of Myanmar Army Officer Training School-OTS (Hmawbi) in Yangon this morning. On behalf of Chairman of State Administration Council Commander-in-Chief of Defence Services Senior General Maha Thray Sithu Min Aung Hlaing, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thray Sithu Soe Win delivered an address.

Also present together with the Vice-Senior General were his wife Daw Than Than Nwe, senior military officers from Office of Commander-in-Chief and their wives, the Yangon Region chief minister, the Yangon Command commander, the OTS commandant, officials of Yangon Station, officer instructors and faculty members of the academic wing and training wing of OTS, who are the guardians of the cadets, and guests.

The Vice-Senior General took the salute of the cadet company and inspected the flag bearers and the cadet company. Then the cadet companies saluted the Vice-Senior General with slow-march past and quick-march past.



Vice-Senior General Soe Win shakes hands with the best cadet.

The Vice-Senior General presented the Best Cadet Award to Cadet Theint Nanda Aung.

In giving an address on behalf of the Senior General, the Vice-Senior General said women's ability is improving in the world today and brilliant women scholars are emerging. More and more women are joining the armed forces of world countries, and they can be seen in the higher roles of the respective sectors. The role of women in the Tatmadaw has been improved through ongoing endeavours. As they are going to serve the defence duties of nation and Tatmadaw soon, find traditions of Tatmadaw and other knowledge will be disseminated. OTS is constantly bringing about officer servicewomen in paving a path for female soldiers to take part in the national defence of Republic of Union of Myanmar.

National defence is the bounden duty of all national people of Union regardless of their gender. Hence, the aim has been set for servicewomen to stand shoulder to shoulder with their male counterparts in discharging national defence duties. History of nation and that of Tatmadaw are indivisible. The country experienced ups and downs throughout the periods of independence struggle, crushing internal insurgency and parliamentary democracy, and Tatmadaw was always beside the country in all national affairs serving the interest of the people and country unhesitatingly. These are all the historic fine traditions of Tatmadaw.

Tatmadaw served all the national affairs as a national task from the period of independence struggle, during which it placed independence as the most important goal, to the post 1988 period, during which it adopted the policy of non-disintegration of Union, non-disintegration of national unity and perpetuation of sovereignty. Those policies passed through the evolution process according to the national requirements.

At present, SAC has been implementing the two political goals – strengthening the genuine and disciplined multiparty democracy and building a Union based of democracy and federalism -- and two national goals – national prosperity and food sufficiency. In implementing the goals with might and main, it has adopted the five-point roadmap and nine objectives.

As they are to serve as Tatmadaw member female officers, they have to study the histories of the State and the Tatmadaw in detail. If so, they will have to continuously maintain the fine traditions of the Tatmadaw, and they have to strive for recording the fine topics in the history.

In looking back the history of some capabilities of female troops in the Tatmadaw, the role of Myanmar women can be seen in the independence struggle period. In the post-independence period in 1948, female officers and other ranks were assigned at the corps and rescue troops. It should take pride of fine traditions of female officedrs from Myanmar women's levee corps formed in 1954 for their dutiful performance in respective sections.

In building the defence capability, the Tatmadaw has established training depots to turn out female military personnel to enhance the role of women and participate in the Tatmadaw. Graduated female officers are allowed to further study master's courses and doctoral courses in respective subjects. *See Page 12*



Dignitaries attend the Passing-out Parade of the 9th Intake of Graduate Female Cadet Course.



Vice-Senior General Soe Win addresses Passing-out Parade of the 9th Intake of Graduate Female Cadet Course.

*From Page 11*

They have to pursue relevant subjects of all corps from experiences from advanced courses, senior officers and workmates with keenness to study and observe knowledgein order to serve the assigned duties at relevant military units. Moreover, they have to pursue studies through literatary subjects. If so, they will have to skillfully serve the assignments in respective sectors.

Currently, female military officers and other ranks are serving at various kinds of corps including Tatmadaw (Army, Navy and Air) offices and departments. They are serving on board war vessels in overseas goodwill visits and joint exercises, and on coastal trips to provide heathcare services to the peopel long Myanmar's coastal areas. They also showed off brilliant skills in army games in which various countries participated to secure medals by winning over those from the international armed forces. Moreover, some female officers are dutifully serving as members of SWAT (female) corps and female pilots at the Tatmadaw (Air) as well. They also bravely discharged duties of military parachuting and free fall move in shouldering with the male officers and other ranks.

No matter what they are assigned at any corps, they have to primarily serve the State defence and security duties. Hence, they have to try hard to become outstanding personnel in the functions of relevant units so as to dutifully serve the State defence and security duties.

As they would be junior officers, the training depot has given training on leadership subjects to them. They have to apply knowledge from leadership subject in the practical field together with their experiences so as to become good leaders. Without forgetting the concept that only when one had had an outstanding follower will they be good leaders, they have to follow and study advice of senior officers in the practical fields for all administration and management measures. They have to organize subordinates with fair leadership and they themselves need to strictly abide by the prescribed orders, directives, rules and regulations issued for controlling them under the leadership. If so, they will have to fully win the trust and reliance of subordinates. Only when those from the corps stimulate junior-senior mutual respects and trust, can they implement the assigned duties in full swing for cent per cent.



Vice-Senior General Soe Win meets outstanding cadets.

Being Tatmadaw members, they have to follow good practices of obedience and disciplinary acts along their service terms. **Military discipline is backbone of the Tatmadaw, and they have to try hard to become the Tatmadaw members with good discipline and obedience.** Tatmadaw members are to strictly abide by rules, disciplines and laws of the Tatmadaw as well as civil rules and regulations as citizens.

Moreover, they have to follow the war laws the international community accepts and exercises. During the training period, they have been trained basic military training to follow the military disciplines and to have obeidence. Everybody knows that Tatmadaw members have to strictly follow the disciplines and have to take action against those who committed crimes under the military and civil laws without turning a blind eye to the cases. So, they all need to follow the prescribed law, issud orders and directives, rules and regulations and procedures in serving their duties.



Vice-Senior General Soe Win attends the graduation dinner.

Of the four major tasks of Tatmadaw, the first one is training and building. Constant training will ensure a capable Tatmadaw. As training plays a major role, courses for respective levels are being conducted for servicemen to be able to conscientiously serve the duties whenever assigned. Every course requires hard work, discipline and obedience. Despite a short course, the trainees have been taught necessary skills and knowledge to become junior officers.

They need to try to have a better understanding and improve their learning ability as they will have to serve as educated junior leaders. Theories and practices taught by the school are just basic. So more has to learn to be able to work in the practical filed in a correct and *See Page 14*



Vice-Senior General Soe Win clinks glasses with a newly commissioned officer.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win inspects Tatmadaw (Army) Warrant Officer and Sergeant Training School, local battalions/units, Tatmadaw Football Factory, Tatmadaw Biscuit and Noodle Factory in Hmawbi


Vice-Senior General Soe Win hears an audiovisual aided report.

**Nay Pyi Taw December 27**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by the commander of Yangon Command and officers, inspected the Tatmadaw (Army) Warrant Officer and Sergeant Training School in Hmawbi Station this morning.

First, the Vice-Senior General and party arrived at the training school and inspected offices of training departments at the training office, lecture halls and training halls and gave necessary instructions.

Then, the Vice-Senior General heard reports on four military building tasks and matters related to training presented by acting commandants at the briefing hall of the training school and coordinated the requirements.

Afterward, the Vice-Senior General and party had lunch together with female trainees of the computer diploma sergeant/clerk (female) course of the training school.

Then, the Vice-Senior General and party proceeded to the agriculture and livestock breeding farms of the training school and inspected the breeding of layers, broilers and DYL pigs and cultivation of seasonal crops.

Afterward, the Vice-Senior General and party proceeded to the Tatmadaw Football Factory in Hmawbi and heard the PowerPoint presentation reports on the operations of the factory made by Factory Manager Daw Kathi at the meeting hall of the factory. After hearing the reports, Vice-Senior General discussed matters related to efforts to produce various kinds of footballs and volleyballs that meet standards, manufacturing products by operating existing machines to their full capacities without any qualitative decrease, marketing and promotion of factory products, maintenance and durability of the machines and taking systematic measures to operate the machine to their full capacities and coordinated requirements after raising questions on matters of interest.


Vice-Senior General Soe Win examines a ball.

Then, the Vice-Senior General and party inspected the production process of the factory and responsible officials conducted round the Vice-Senior General and party. Afterward, the Vice-Senior General and party presented cash rewards for factory staff to the factory manager.

The factory can produce 288,000 balls a year including 74,000 footballs for adults, 62,000 volleyballs and 152,000 footballs for youths.


Vice-Senior General Soe Win inspects the production line of biscuit factory.

Afterward, the Vice-Senior General and party proceeded to the Tatmadaw Biscuit and Noodle Factory (Hmawbi) and heard reports on the brief history of the factory and production process of biscuits and noodles presented by Factory Manager Maj Kyaw Phyo Wai (Retd) at the meeting hall of the factory. After hearing the reports, the Vice-Senior General gave instructions on high quality of foodstuffs like taste, flavour and attractiveness, marketing, proper and attractive packaging of foodstuffs, operating machines to their full capacities, maintenance and operation of machines for their durability and

*See Page 14*


Vice-Senior General Soe Win presents honorary cash award/gift through a family member.



Vice-Senior General Soe Win and party enjoy lunch together with trainees.

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

*From Page 13*

exerting efforts to distribute foodstuffs not only to families of the Tatmadaw but also to civilians at reasonable prices and coordinated the needs.

Then, the Vice-Senior General and party inspected the production process of biscuits and noodles and responsible official conduct round the Vice-Senior General and party.

Afterward, the Vice-Senior General and party presented cash rewards for factory staff to the factory manager.

Similarly, the Vice Senior General and party inspected the local battalions/units and visited the family living quarters before greeting them warmly, coordinating their needs with responsible officers and presenting cash rewards for the families.

100

---

*From Page 12*

efficient manner. They also need to continue learning so that they can utilize military equipment and skills in accordance with the developing age. For serving the assigned duties they must always train to be fit and healthy.

With wide and endless skills and knowledge, capacity building depends on hard work and training. Basic military concepts and battleground disciplines must be studied in the practical field. To reach one higher level also depends on perseverance, discipline following and being healthy in doing further courses. With that, training levels will be different.

Promotion levels will differ relying on individuals' perseverance. Thus, they need to always work hard for their own good and for the betterment of their organization they lead and ensure fair and good governance. The Tatmadaw is being built to be equipped with combat skills and powers. As such, building a capable Tatmadaw mainly concern Tatmadaw members. The State will be providing necessary assistance. Military, organizational, administrative, physical and mental skills must be sharpened to make the Tatmadaw capable. Individuals and teams must train on a constant basis. High caliber of individuals will lead to high caliber of teams. They must always engage in individual training, collective training and joint operation training.

To realize the objective of Tatmadaw **"Sharpen combat skills and powers to build a modern Tatmadaw"** it is important to actively engage in ever task of the Tatmadaw. Constant efforts must be made to build a modern Tatmadaw for State defence. At the same time, they need to engage in the peace process to build a Union based on multi-party democracy and federalism by ending the conflicts stemming from different political, racial and religious ideologies at the instigation of ex- and neo-colonialists from the independence period of January 4 1048 till today so that eternal peace can be achieved. The State Administration Council invited the ethnic armed organizations to engage in peace talks on 11 April 2022 without preconditions for lasting peace and quick emergence of a Union based on multi-party democracy and federalism. Now, peace talks are going on with the 10 EAOs. All are to take their respective roles in the eternal peace efforts and to try have a bettering understanding of eternal peace history.

As the Tatmadaw is the main defense body that protects the nation, the Tatmadaw members are the main defense forces for protecting the nation. To discharge State defense and security duties, it is important for every Tatmadaw member to be physically and mentally fit. If each of them is physically and mentally fit, they could always do training for military science and techniques to be skillful. If they are fit and trained for relevant skills, they will have courage.

When they are fit and healthy individually and could fulfill their State defense duties proficiently, they will automatically become good soldiers having courage in the practical fields and battles. As servicewomen, you all are urged to keep upholding your spiritual fitness and always work hard to be good Tatmadaw members who win trust of the State, the Tatmadaw and the entire people.

It is necessary for the servicewomen to fulfill their assigned duties with dignity for the State and people understanding the noble history, tradition and the present stand of the Tatmadaw, to focus on making efforts for assigned duties with all physical and intellectual abilities in implementing the Tatmdaw's goal of building a strong, capable modern patriotic Tatmadaw, to be dutiful in duties assigned by superiors as junior officers based on self-control and efforts, to constantly keep studying military science and leadership learned at the training classes, and to be good women officers full of skill and courage in relevant duties and responsibilities.

Then, the Vice-Senior General took the salute of cadet companies and left the parade ground.

After the parade, the Vice-Senior General met outstanding cadets at the parlour of Defence Services (Army) Officers Training School (Hmawby).

In the evening, the Vice-Senior General and party attended the graduation dinner in honour of 9th Intake of Graduate Female Cadets Course and had dinner together with the cadets and the guests.

After the dinner, the Vice-Senior General and party enjoyed the performance by the military band of Defence Services (Army) Officers Training School (Hmawby) and presented a cash bonus to the band.

Later, the Vice-Senior General and party, together with the cadets, enjoyed the performance of the Myawady Band under the Directorate of Public Relations and Psychological Warfare.

100

---

# Myanmar citizen allowed to purchase Banyadala affordable-priced apartments in Kya-in Village of Mawlamyine

**Mawlamyine December 27**

The Urban and Housing Development Department on 23 December stated that any Myanmar citizen are allowed to purchase Banyadala affordable-priced apartments in Kya-in Village.

The housing is located in the western part of Mawlamyine-Budon road and it was built by Mon State government.

Each apartment of four-storey four-unit buildings have 650 square feet of area. Windows are installed with iron fixing, facilitated with car parks and lawns. The housing area is added with a playground.

The housing project is facilitated with power system, water supply and garbage disposing system.

The apartment on the ground floor is valued at K2.5 million each, the first floor K22.5 million each, the second floor K21 million each and the third floor K19.5 million each.

Those wishing to purchase apartments may contact the housing procurement committee, dialing 057-2025953 of the Mon State Director's office of the Urban and Housing Development.

336



The gate of Banyadala Housing.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်ထုတ် Switchblade 300 နှင့် 600 တိုက်ခိုက်ရေးဒရုန်းများဝယ်ယူရန် လစ်သူယေးနီးယားလက်မှတ်ရေးထိုး



အမေရိကန်နိုင်ငံ AeroVironment ကုမ္ပဏီက ဒီဇိုင်းထုတ်လုပ်ထားသော Switchblade 300 နှင့် 600 Loitering Munitions တိုက်ခိုက်ရေးဒရုန်းများဝယ်ယူရေးအတွက် အမေရိကန်နိုင်ငံနှင့် လစ်သူယေးနီးယားနိုင်ငံတို့ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။ စာချုပ်တန်ဖိုးမှာ ခန့်မှန်းခြေအားဖြင့် ယူရို ၄၅ သန်းခန့်ရှိသည်။

အဆိုပါဝယ်ယူမှုအပြီးတွင် လစ်သူယေးနီးယားနိုင်ငံသည် Switchblade 300 နှင့် 600 Loitering Munitions များကို ပိုင်ဆိုင်လာသော ကမ္ဘာ့ပထမဆုံးသောနိုင်ငံဖြစ်လာမည်ဖြစ်သည်။

"ကမ္ဘာတစ်ဝန်းမှာ အမေရိကန်နိုင်ငံကလွဲရင် ကျွန်တော်တို့ဟာ Switchblade 600 စနစ်ကို ပထမဆုံးပိုင်ဆိုင်သွားမဲ့နိုင်ငံဖြစ်ပါတယ်။ ဒရုန်းတွေဟာ ကီလိုမီတာ ၄၀ အကွာအဝေးရှိ ရန်သူတင့်ကားတွေနဲ့ အခြားသံချပ်ကာပစ္စည်းတွေကို တိုက်ခိုက်ဖျက်ဆီးနိုင်စေမဲ့ စွမ်းရည်အသစ်တစ်ခုဖြစ်လာပါတယ်။ ကျွန်တော်တို့စစ်ဘက်မှာ အရင်က မရှိဖူးခဲ့တဲ့ စွမ်းရည်တစ်မျိုးလဲဖြစ်ပါတယ်"ဟု လစ်သူယေးနီးယားနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီး Arvydas Anušauskas က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် လစ်သူယေးနီးယား၏ မိတ်ဖက်နိုင်ငံဖြစ်ပြီး ဘောလ်တစ်ဒေသလုံခြုံရေးအတွက် အဓိက မဟာမိတ်နိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံသားများသည် ဘောလ်တစ်ဒေသနိုင်ငံများ၏ လုံခြုံရေးအာမခံချက် အစီအမံများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို အားကောင်းစေရန် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်သည် ဘောလ်တစ်ဒေသနိုင်ငံများကာကွယ်ရေးအတွက် တပ်ဖွဲ့ဝင်များ၊ စက်ကိရိယာများနှင့် ငွေကြေးများ တက်ကြွစွာ ပံ့ပိုးကူညီလျက်ရှိသည်ကို တွေ့ရသည်။

မကြာသေးမီလများအတွင်း လစ်သူယေးနီးယားနိုင်ငံသည် Joint Light Tactical Vehicles (JLTV) နည်းဗျူဟာမြောက်အပေါ့စားယာဉ်၊ HIMARS တာဝေးပစ် ဒုံးကျည်အမြောက်စနစ်များနှင့် Black Hawk တိုက်ခိုက်ရေးရဟတ်ယာဉ်များဝယ်ယူမှုအတွက် အမေရိကန်နှင့် သီးခြားစာချုပ်များချုပ်ဆိုခဲ့ပြီးဖြစ်သည်။

Switchblade 300 သည် အမေရိကန်ကုမ္ပဏီ AeroVironment က တီထွင်ဖန်တီးထားသည့် သေးငယ်သောလက်နက်ခဲယမ်း သို့မဟုတ် အသေခံဗုံးခွဲသည့်ဒရုန်းဖြစ်သည်။ ၎င်းသည် စစ်မြေပြင်ရှိ မြင်ကွင်းလွန်ပစ်မှတ်များကို ရွေ့လျားအခြေစိုက်စခန်းနေရာများမှ သို့မဟုတ် မြေပြင်အခြေစိုက် လုံခြုံရေး၊ ခံစစ်စခန်းများမှ ပစ်လွှတ်တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Switchblade 300 ကို လျှပ်စစ်အင်ဂျင်ဖြင့် မောင်းနှင်ထားသောကြောင့် ၎င်း၏ သေးငယ်သောအရွယ်အစားနှင့် အသံတိတ်ပျံသန်းမှုသည် ရန်သူများဘက်က ပစ်မှတ်ကိုထောက်လှမ်းရန် သို့မဟုတ် ကြားဖြတ်ရန်အလွန်ခက်ခဲစေသည်။ အကွာအဝေး ၁၀ ကီလိုမီတာခန့် ပျံသန်းနိုင်ပြီး ပစ်မှတ်အပေါ်တွင် ၁၅ မိနစ်ခန့် ပျံဝဲစောင့်ကြည့်နေနိုင်သည်။

Switchblade 600 သည် Loitering Munition တိုက်ခိုက်ရေးဒရုန်း သို့မဟုတ် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်အမျိုးအစားပင်ဖြစ်သည်။ ၎င်းသည် တင့်ကားများနှင့် သံချပ်ကာယာဉ်များကိုဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသော Javelin တင့်ဖျက်ဒုံးကျည်ကိုအခြေခံထားသည့် ATGM (Tank Guided Missile) ထိပ်ဖူးတပ်ဆင်အသုံးပြုနိုင်သည်။

Switchblade 600 Loitering Munition တိုက်ခိုက်ရေးဒရုန်းများကို လျှပ်စစ်ဘက်ထရီနှင့် ပန်ကာဖြင့်မောင်းနှင်ထားသည်။ မိနစ် ၂၀ အတွင်း ကီလိုမီတာ ၄၀ အကွာအဝေးထိ ပျံသန်းနိုင်ပြီး လေထဲတွင် နောက်ထပ်မိနစ် ၂၀ ကြာအောင် ပျံဝဲနေနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ အမြင့်ဆုံးပျံသန်းသည့် အမြန်နှုန်းမှာ တစ်နာရီလျှင် 185 km ထိ ရောက်ရှိနိုင်သည်။

**Lithuania orders US Switchblade 300 & 600 loitering munitions kamikaze drones ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်စစ်လေယာဉ် ၇၁ စင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်ဟု တရုတ်(ထိုင်ပေ)ကာကွယ်ရေးဝန်ကြီးပြော



တရုတ်(ထိုင်ပေ)အနီး စစ်လေယာဉ် ၇၁ စင်းကို တရုတ်နိုင်ငံက စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း တရုတ်(ထိုင်ပေ)ကာကွယ်ရေးဝန်ကြီး Chiu Kuo-Cheng က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ ၎င်းလေ့ကျင့်မှုသည် တိုက်လေယာဉ်ဒါဇင်ပေါင်းများစွာပါဝင်သည့် အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုလည်းဖြစ်သည်။

အမေရိကန်နှင့် တရုတ်(ထိုင်ပေ)ကြားပူးပေါင်းဆောင်ရွက်မှုများကို တုံ့ပြန်သည့်အနေဖြင့် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်(ထိုင်ပေ)၏ ကာကွယ်ရေးဝန်ကြီးဌာန အချက်အလက်များအရ အဆိုပါစစ်ရေးလေ့ကျင့်မှုများသည် မှတ်တမ်းတင်ထားမှုများ နေ့စဉ်စတင်ထုတ်ပြန်ပြီးကတည်းက အကြီးမားဆုံးတစ်ခုဖြစ်ကြောင်း၊ တရုတ်၏အဆင့်မြင့်ဆုံးလေယာဉ်များထဲမှ အချို့နှင့် Su-30 စစ်လေယာဉ်ခြောက်စင်းအပါအဝင် စစ်ရေးလေ့ကျင့်မှုတွင် တိုက်လေယာဉ်အစင်း ၆၀ ခန့်ပါဝင်ခဲ့ကြောင်း တွစ်တာတွင် ပို့စ်တစ်ခု၌ ရေးသားထားသည်။

ထို့ပြင် အဆိုပါလေယာဉ်များသည် တရုတ်(ထိုင်ပေ)၏ လေကြောင်းရန်ကာကွယ်ရေး စိစစ်ခွဲခြားသတ်မှတ်ဇုန် (ADIZ)အတွင်းသို့ ၄၇ ကြိမ်ဖြတ်ကျော်ပျံသန်းဝင်ရောက်ခဲ့ပြီး ဒေတာဘေ့စ်တွင် မှတ်တမ်းတင်ထားသည့် လေယာဉ်အရေအတွက်နှင့် ပျံသန်းမှုခေါက်ရေ တတိယအမြင့်မားဆုံး ကျူးကျော်ဝင်ရောက်မှုလည်းဖြစ်သည်ဟု AFP သတင်းဌာနက ရေးသားထားသည်။

တရုတ်(ထိုင်ပေ)သည် တရုတ်နိုင်ငံ၏ခြိမ်းခြောက်မှုအောက်တွင် နေထိုင်နေရပြီး တစ်နေ့တွင် သိမ်းပိုက်သွားနိုင်ကြောင်း နိုင်ငံတကာ လေ့လာအကဲခတ်သူများက သုံးသပ်ထားကြသည်။

တရုတ်သမ္မတရှီကျင့်ဖျင် လက်ထက်တွင် တရုတ်(ထိုင်ပေ)အပေါ် စစ်ရေး၊ သံတမန်ရေးနှင့်စီးပွားရေးအရ ဖိအားပေးမှုများ အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။ တရုတ်နိုင်ငံ၏ ဖိအားပေးနည်းဗျူဟာတစ်ခုမှာ တရုတ်(ထိုင်ပေ)၏ ADIZ အတွင်း စစ်လေယာဉ်များစေလွှတ်၍ ထောက်လှမ်းနေမှုများ တိုး၍လုပ်ဆောင်လာနိုင်ခြင်းပင်ဖြစ်သည်။

တရုတ်(ထိုင်ပေ)ထုတ် နေ့စဉ်စာရင်းများအရ နိုင်ငံအတွင်းဝင်ရောက်မှုအများစုသည် နိုင်ငံအနောက်တောင်ပိုင်း ADIZ ကိုဖြတ်သန်း၍ ထိုင်ဝမ်ရေလက်ကြားကို နှစ်ဖက်ခွဲခြားသတ်မှတ်ထားသည့် အလယ်မျဉ်းကို ကျော်လွန်ဝင်ရောက်ခဲ့ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။

အမေရိကန်၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံအများအပြားသည် မိမိတို့၏ လေကြောင်းရန်ကာကွယ်ရေးသတ်မှတ်ဇုန်များကို ထိန်းသိမ်းဆောင်ရွက်ထားကြလေ့ရှိသည်။ ၎င်းစိစစ်ခွဲခြားရေးဇုန်သည် နိုင်ငံတစ်နိုင်ငံ၏ လေပိုင်နက်နှင့်မတူညီပါ။ ၎င်းတို့သည် ပိုမိုကျယ်ပြန့်သော လေကြောင်းပိုင်နက်ဧရိယာကို လွှမ်းခြုံထားပြီး မည်သည့်နိုင်ငံရပ်ခြားလေယာဉ်မဆို အဆိုပါဧရိယာအတွင်းဝင်ရောက်လာပါက ဒေသဆိုင်ရာ လေကြောင်းအာဏာပိုင်များထံ ကြေညာချက် ထုတ်ပြန်ရမည်ဖြစ်သည်။ တရုတ်(ထိုင်ပေ)၏ ADIZ သည် ၎င်း၏လေပိုင်နက်ထက် များစွာကြီးမားသည်။ ၎င်းသည် တရုတ်နိုင်ငံ၏ ADIZ နှင့် တစ်စိတ်တစ်ပိုင်းသွားထပ်နေပြီး ပြည်မကြီး လေကြောင်းပိုင်နက်အချို့လည်း ပါဝင်နေသည်။

**Taiwan Says China Deployed 71 Warplanes in Weekend War Drills ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

ခေါင်းဆောင်မှု ပညာရပ်များကိုလည်း အမိကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်ကြားတတ်မြောက်ပြီးဖြစ်သည့် ခေါင်းဆောင်မှုပညာရပ်များကို လက်တွေ့နယ်ပယ်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်အသုံးချပြီး ခေါင်းဆောင်ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်းနှင့် နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဆိုသည်ကိုလည်း မမေ့မလျော့ဘဲ လက်တွေ့နယ်ပယ်တွင် စီနီယာအရာရှိများ၏ သွန်သင်ဆုံးမမှုအပါအဝင် အုပ်ချုပ်မှုကိစ္စရပ်တိုင်းတွင် ခြေသုတ်ပုဆိုး မြေစွယ်ကျိုးသကဲ့သို့ လေ့လာ၊ လေ့ကျင့်၊ လိုက်နာသွားကြရန်လည်း မှာကြားလိုကြောင်း၊ ထို့ပြင် မိမိကွပ်ကဲမှုအောက်တွင်ရှိသည့် အရာရှိ၊ စစ်သည်များကို ညီညွတ်မျှတမှုရှိသည့် ခေါင်းဆောင်မှုပေးနိုင်ရန်လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်အနေဖြင့်လည်း လက်အောက်ကို ခေါင်းဆောင်မှုပေးနိုင်ရန် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို တစ်သဝေမတိမ်း တိကျစွာလိုက်နာရန်လိုကြောင်း၊ သို့မှသာ လက်အောက်အရာရှိ၊ စစ်သည်များ၏ အထင်ကြီးလေးစားမှုနှင့် အားကိုးယုံကြည်မှု အပြည့်အဝရရှိမှာဖြစ်ကြောင်း၊ ထိုသို့ **အထက်အောက်အပြန်အလှန် ယုံကြည်ကိုးစားအားကိုးမှုရှိမှသာ မိမိအဖွဲ့အစည်းသည် ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ရှုံ့ယွင်းချက်မရှိ ရာနှုန်းပြည့်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်**ကြောင်း။

တပ်မတော်သားဖြစ်သည်နှင့်အညီ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းအတိုင်း နေထိုင်လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို တပ်မတော်တွင် တာဝန်ထမ်းဆောင်သည့်ကာလ တစ်လျှောက်လုံး လိုက်နာနေထိုင်သွားကြရမှာဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏အဓိကကျောရိုးမဏ္ဍိုင်ဖြစ်ပြီး စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုရှိသည့် တပ်မတော်သားများဖြစ်အောင် နေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သားများသည် တပ်မတော်၏စည်းမျဉ်း၊စည်းကမ်း၊ ဥပဒေများကို တိတိကျကျလိုက်နာဆောင်ရွက်ကြရသည့်အပြင် အရပ်ဘက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို နိုင်ငံသားတစ်ဦးအနေဖြင့်လည်း လိုက်နာကြရသူများဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးနေသည့် စစ်ပွဲဆိုင်ရာဥပဒေများကိုလည်း သိရှိလိုက်နာကြရကြောင်း၊ သင်တန်းကာလအတွင်းမှာ စစ်စည်းကမ်းလိုက်နာပြီး အမိန့်နာခံမှုရှိစေရန် အခြေခံစစ်ရေးပြကစပြီး လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ကိုယ်တိုင်စည်းကမ်းကို တိကျစွာလိုက်နာစောင့်ထိန်းရပြီး မိမိတာဝန်ယူကွပ်ကဲရသည့် လက်အောက်က ဖြစ်မှုကျူးလွန်လျှင်လည်း မျက်ကွယ်ပြု၍ မရဘဲ စစ်ဘက်၊ နယ်ဘက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့်အမိန့်နာခံမှုတို့ဖြင့် ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ သင်တန်းကာလတိုတောင်းသော်လည်း အရာရှိတစ်ဦးအတွက် သိသင့်သိထိုက်သည့် အသိပညာ၊ တတ်သင့်တတ်ထိုက်သည့် အတတ်ပညာနှင့် စည်းကမ်းတကျလုပ်ကိုင်တတ်သည့် အရာရှိငယ်များအဖြစ် အခြေခံကောင်းအောင် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

ဘွဲ့ရပညာတတ်များဖြစ်ပြီး ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူဆောင်ရွက်ရမည့်ဖြစ်ကြောင်း၊ စစ်အခြေခံသဘောတရားနှင့်စစ်မြေပြင်စည်းကမ်းများကို လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးကြရန်လိုကြောင်း၊ တစ်ဆင့်မြင့်သော ရာထူးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ထပ်မံတက်ရောက်ရမည့် အခြားစစ်ဘက်သင်တန်းများတွင်လည်း ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ကျန်းမာရေးကောင်းမွန်အောင် နေထိုင်မှုတို့အပေါ်မူတည်ပြီး သင်တန်းဆင်းအဆင့်များ ကွာခြားသွားမှာဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။**

သည်ဆိုတာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်အနက် ပထမလုပ်ငန်းစဉ်သည် လေ့ကျင့်ရေးနှင့် တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်လေ့ကျင့်နေမှသာလျှင် စွမ်းရည်မြင့်မားသည့် တပ်မတော်ကြီးဖြစ်လာမှာပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝစွာဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အဆင့်နှင့်လျော်ညီသည့် သင်တန်းများကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်တန်းတိုင်းတွင် မိမိကိုယ်တိုင်ကြိုးစားသူများဖြစ်သည့်အတွက် ပိုမိုနားလည်နိုင်စွမ်းနှင့် လေ့လာဆည်းပူးနိုင်စွမ်းရှိရန်လိုကြောင်း၊ ကျောင်းကလေ့ကျင့်သင်ကြားပေးလိုက်သည့်ဘာသာရပ်များနှင့် လေ့ကျင့်ဆောင်ရွက်မှုများသည် အခြေခံမျှသာဖြစ်၍ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက်အသုံးချနိုင်ရန်လိုကြောင်း၊ ခေတ်နှင့်အညီတိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရေးအတွက် ဆက်လက်လေ့လာ ဆည်းပူးကြရန်လိုကြောင်းနှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိရန် အမြဲလေ့ကျင့်နေရမှာဖြစ်ကြောင်း။

အသိပညာ၊အတတ်ပညာသည် အကန့်အသတ်မရှိ ကျယ်ဝန်းခြင်းကြောင့် မိမိ၏ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှုအပေါ်တွင်မူတည်ပြီး ကျွမ်းကျင်တတ်မြောက်လာမှာ မိမိ၏ကြိုးစားအားထုတ်မှုပေါ်မူတည်ပြီး ရာထူးတိုးမြှင့်ရေးကိစ္စရပ်များတွင် ကွာခြားသွားမည်ဖြစ်သည့်အတွက် မိမိကိုယ်ကို ကောင်းမွန်အောင်နှင့် မိမိဦးဆောင်ရသည့် အဖွဲ့အစည်းကောင်းမွန်အောင် ညီညွတ်မျှတသည့်အုပ်ချုပ်မှုဖြစ်အောင် အမြဲကြိုးစားဆောင်ရွက်နေရမှာဖြစ်ကြောင်း၊ **တပ်မတော်ကို တိုက်ပွဲစွမ်းရည်၊ တိုက်ပွဲစွမ်းအား ပြည့်ဝသည့် တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်လျက်ရှိ**ကြောင်း၊ ထိုသို့တည်ဆောက်သည့်နေရာတွင် **စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားများနှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးကို နိုင်ငံတော်က ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာဖြစ်**ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်အောင် တပ်များ၏စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ လက်ရုံးရည်နှင့် နှလုံးရည်တိုးတက်မြင့်မားအောင် အကြိမ်ကြိမ်အခါခါလေ့ကျင့်ရေးကို တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပါ လေ့ကျင့်ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း၊ တစ်ဦးချင်းအရည်အသွေးမြင့်မှ အဖွဲ့အစည်းတစ်ခုလုံးအရည်အသွေး မြင့်မားလာမည်ဖြစ်သည့်အတွက် တစ်ဦးချင်းအရည်အသွေး မြင့်မားလာအောင် တစ်ဦးချင်း လေ့ကျင့်ရေး **(Individual Training)**မှသည် အစုအဖွဲ့လိုက်စွမ်းရည်မြင့်မားလာအောင် အစုအဖွဲ့လိုက်လေ့ကျင့်ရေး**(Collective Training)**၊ မတူညီသည့်တပ်ဖွဲ့များ ပူးပေါင်းလေ့ကျင့်ရသည့် ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း **(Joint Operation Training)**များအထိ လေ့ကျင့်နေကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်၏ရည်မှန်းချက်ဖြစ်သည့် **"ခေတ်မီတပ်မတော်ဖြစ်စေရန်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားတို့ ထက်မြက်ရေး"** ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တိုင်းတွင် စွမ်းစွမ်းတမံတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြရန် အရေးကြီးကြောင်း၊ တစ်ဖက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်မီတပ်မတော်တစ်ရပ်ကို စဉ်ဆက်မပြတ် တည်ဆောက်ကြရမှာဖြစ်၍ တစ်ဖက်တွင်လည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးရပြီးကပင် ၇၅နှစ်တိုင်တိုင် ယနေ့ကာလအထိ နယ်ချဲ့ကိုလိုနီလက်ဟောင်းများနှင့် လက်သစ်များပါ မိမိတို့တိုင်းပြည်အပေါ် နည်းမျိုးစုံသွေးခွဲမှုများကြောင့် ဝါဒရေးရာအယူအဆကွဲလွဲမှု၊ လူမျိုးရေးရာ အယူအဆကွဲလွဲမှု၊ ဘာသာရေးရာ အယူအဆကွဲလွဲမှုများကတစ်ဆင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းသည် ပဋိပက္ခမျိုးစုံဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲဖြစ်နေမှုကိုလည်း အမြန်ဆုံးချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန် မတူညီခြင်းကိုဘေးချိတ်ထားသည်ကို တွဲချိတ်ပြီး ငြိမ်းချမ်းသာယာသော ပါတီစုံဒီမိုကရေစီနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဧပြီ ၁၁ ရက်တွင် ကြိုတင်ကန့်သတ်ချက်မထားဘဲ နှစ်ဖက်ထာဝရငြိမ်းချမ်းရေးမှသည် ပါတီစုံဒီမိုကရေစီကျင့်သုံးမှုနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာစေရေး ဦးတည်ချက်ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်၍ ဆွေးနွေးလျက်ရှိရာ ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နှင့် အပြန်အလှန်ဆွေးနွေး ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍကနေ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရန်ကိုလည်း ထာဝရငြိမ်းချမ်းရေးသမိုင်းကြောင်းများကို သိရှိနားလည်အောင် အစဉ်အမြဲကြိုးစားလေ့လာနေကြရန်လိုကြောင်း။

**တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်ရမည့် အဓိကကာကွယ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ တပ်မတော်သားများသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသည့် ကာကွယ်ရေးအင်အားစုများပင်ဖြစ်**ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် တပ်မတော်သားတိုင်းအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိရေးသည် အရေးကြီးသည့်အချက်ပင်ဖြစ်ကြောင်း၊ ကိုယ်စီရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်နေမှ စစ်ပညာ အတတ်ပညာများကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ်လေ့ကျင့်နိုင်မှာဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိပြီး မိမိနှင့်သက်ဆိုင်သည့် အတတ်ပညာကို ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ထားပါက ရဲစွမ်းသတ္တိရှိလာမှာဖြစ်ကြောင်း။

> **နိုင်ငံတော်ကာကွယ်ရေးတာဝန်တစ်ရပ်သည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအမျိုးသားအမျိုးသမီးမရွေး မဖြစ်မနေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်...**

တစ်ဦးချင်းကျန်းမာကြံ့ခိုင်မှုကောင်းပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျွမ်းကျင်ကျေပွန်စွာ ထမ်းဆောင်နိုင်ပြီဆိုလျှင် လုပ်ငန်းခွင်လက်တွေ့နယ်ပယ်များ၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိသည့်စစ်သည်တော်ကောင်းများ အလိုလိုဖြစ်လာမှာပင်ဖြစ်ကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများပီပီပိုင်ဆိုင်ထားသည့် စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်လေးစားအားထားရသည့် တပ်မတော်သားကောင်းများဖြစ်အောင် ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဆိုသည့် ဆောင်ပုဒ်များနှင့်အညီ အစဉ်ကြိုးစားသွားကြရန် အလေးအနက်ထားမှာကြား လိုကြောင်း။

တပ်မတော်၏မွန်မြတ်သည့် အတိတ်သမိုင်းကြောင်း၊ အစဉ်အလာနှင့် ပစ္စုပ္ပန်ရပ်တည်ချက် အမှန်တရားကိုသိရှိနားလည်ပြီး ပေးအပ်လာသည့် တာဝန်များကို နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ကျေပွန်အောင် ဂုဏ်သိက္ခာရှိရှိထမ်းဆောင်သွားကြရန်၊ တပ်မတော်၏ ရည်မှန်းချက်ဖြစ်သည့် "အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်" တည်ဆောက်ရာတွင် ပေးအပ်လာသည့် တာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ခေါင်းဆောင်ငယ်များအဖြစ် မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုနှင့် ကြိုးစားအားထုတ်မှုကိုအခြေခံပြီး အထက်က ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ သင်တန်းက သင်ကြားပေးလိုက်သည့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ပညာရပ်များနှင့် ခေါင်းဆောင်မှုပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားကြရန်၊ တစ်ဦးချင်းကျန်းမာကြံ့ခိုင်မှု၊ မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များတွင် ကျွမ်းကျင်မှုရှိပြီး ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ရိပ်သာဧည့်ခန်းမ၌ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်းသိမ့်နန္ဒာအောင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းဆုရည်ကျော်၊ ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းခက်ခက်ဦးနှင့် စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းစိုးသော်တာလင်းတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်း၏ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတက်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉)မှ သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။

## အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ ခရစ္စမတ်ကာလ ရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိ




အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ ခရစ္စမတ်ကာလရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ခရစ္စမတ်ကာလရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူ များပြားလျက်ရှိခဲ့ပြီး (၁၅)ကြိမ်မြောက် ပန်းပွဲတော်(Blooming Fantasy) ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) တွင် ဖွင့်ပွဲနေ့ ဒီဇင်ဘာ ၁၈ ရက်မှ ယနေ့အထိ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူ ၁ သိန်း ၆ သောင်းကျော် လာရောက်ကြည့်ရှုလေ့လာအပန်းဖြေခဲ့ပြီး ယနေ့အချိန်ထိ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)ရှိ ရေကန်များ သာယာလှပရေး၊ စိမ်းလန်းစိုပြေစေရေး၊ အကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ မရှိစေရေးနှင့် ရေကန်များ ရေဝင်ရေထွက်ကောင်းမွန်စေရေး စသည့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း လေ့ကျင့်ရေးရုံးရှိ သင်တန်းဌာနများအလိုက် ရုံးစန်းများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်ဘီစကွတ်နှင့် ခေါက်ဆွဲစက်ရုံ(မော်ဘီ)ရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၌ သင်တန်းသားစာသင်ဆောင်များ၊ သင်တန်းစန်းမဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

တပ်မတော်(ကြည်း)အရာခံနှင့် အကြပ်ကြီး သင်ကျောင်း ခေတ္တကျောင်းအုပ်ကြီးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်း ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး (အမျိုးသမီး)သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်း စိုက်ပျိုး၊ မွေးမြူရေးခြံများသို့ သွားရောက်ပြီး ဥစားကြက်၊ အသားတိုးကြက်နှင့် DYL ဝက်များ မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော် (ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/ စာရေး(အမျိုးသမီး)သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့ရှိ တပ်မတော် ဘောလုံးစက်ရုံသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဒေါ်ကေသီက စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်သော ဘောလုံး၊ ဘော်လီဘော အမျိုးမျိုးကို များများထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ လက်ရှိအသုံးပြုနေသော စက်များနှင့် စွမ်းအားပြည့်ထုတ်ကုန်အရည်အသွေးမကျဆင်းစေဘဲ ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် ရောင်းအားမြှင့်တင်နိုင်ရေး၊ စက်များချွတ်ယွင်းမှုမရှိစေရေး၊ စက်များ တာရှည်အသုံးပြုနိုင်ရေးနှင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးပြောကြားကာ သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဘောလုံးများထုတ်လုပ်နေမှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီး သင်ကျောင်း၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ရာ စက်ရုံမှူးက လက်ခံရယူသည်။

အဆိုပါဘောလုံးစက်ရုံသည် တစ်နှစ်လျှင် လူကြီးကန်ဘောလုံး အလုံး ၇၄၀၀၀၊ ဘော်လီဘောဘောလုံး အလုံး ၆၂၀၀၀၊ လူငယ်ကန်ဘောလုံး အလုံး ၁၅၂၀၀၀ စုစုပေါင်း အလုံး ၂၈၈၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်ဘီစကွတ်နှင့် စာမျက်နှာ ၂၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီမြို့ရှိ တပ်မတော်ဘောလုံးစက်ရုံအတွင်း ဘောလုံးများထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီမြို့ရှိ တပ်မတော်ဘောလုံးစက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၂၀ မှအဆက်

ခေါက်ဆွဲစက်ရုံ(မှော်ဘီ)သို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဗိုလ်မှူးကျော်ဖြိုးဝေ(အငြိမ်းစား)က စက်ရုံ၏ သမိုင်းအကျဉ်း၊ ဘီစကွတ်နှင့် ခေါက်ဆွဲများထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံထုတ်စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အနံ့အရသာ၊ ဆွဲဆောင်မှုစသည့် ပစ္စည်းအရည်အသွေးကောင်းမွန်ရေး၊ဈေးကွက်ရရှိရေး၊ထုပ်ပိုးကုန်များစနစ်တကျနှင့် စားသုံးသူဆွဲဆောင်မှုရှိရေး၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးနှင့် စက်များရေရှည်အသုံးပြုနိုင်ရေး စနစ်တကျစစ်ဆေးပြုပြင်ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ရေး တပ်မတော်သားမိသားစုများသာမက ပြင်ပဈေးကွက်ကိုပါ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းဘီစကွတ်များနှင့် ခေါက်ဆွဲများထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြကြသည်။ ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စက်ရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ စက်ရုံမှူးက လက်ခံရယူသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်ရဲမေလိုင်းခန်းများသို့ သွားရောက်၍ ရဲမေ၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီတပ်နယ်ရှိ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များမှ အိမ်ထောင်သည်ရဲမေ၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မှော်ဘီတပ်နယ်ရှိ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များမှ အိမ်ထောင်သည်ရဲမေ၊ မိသားစုများကို ချီးမြှင့်ငွေများပေးအပ်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိသားစုပျော်ပွဲ ရှင်ပွဲများ ကျင်းပပြုလုပ်



(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိသားစုပျော်ပွဲရှင်ပွဲများ ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၄ ရက်တွင် ကျရောက်ခဲ့သည့် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်(ရေ)ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ မိသားစုပျော်ပွဲရှင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ရက်ထိ ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ ဘောလုံးကွင်းနှင့် သန်လျင်တပ်နယ်ရှိ တပ်နယ်ဘောလုံးကွင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ မိသားစုပျော်ပွဲရှင်ပွဲသို့ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်တက်ရောက်ခဲ့ပြီး (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများနှင့် မြန်မာ့လက်မှုပညာပြခန်းတို့ကို ကြည့်ရှုလေ့လာခြင်း၊ ရေတပ်စခန်းဌာနချုပ်အလိုက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသော အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် မြန်မာ့ရိုးရာစားသောက်ဖွယ်ရာအရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်ထုတ်လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များမှ ဝယ်ယူအားပေးခြင်း၊ တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုများ၊ အနုပညာရှင်များနှင့် ရေတပ်စခန်းဌာနချုပ်အလိုက် သီဆိုကပြသည့် ပဒေသာကပွဲများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းအကအလှတို့ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခြင်းများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြ သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယ ဗိုလ်ချုပ်ကြီးအေးဝင်းနှင့် ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ NCA လက်မှတ်ရေးထိုးထား သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများဖြစ်ကြသည့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ် စောစတီး၊ KNU၊ KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမို ကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယ ဥက္ကဋ္ဌ ကျာဖူးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တက်ရောက် လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)နာယက ဖြားတန်ခွန်ဥက္ကာတို့က နှုတ်ခွန်းဆက်စကား များ ပြောကြားကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွင် ဆွေးနွေးမည့်အစီအစဉ်များကို နှစ်ဖက် အသေးစိတ်ညှိနှိုင်းခဲ့ကြပြီးနောက် အစီ အစဉ် ရှစ်ရပ်ကို ညှိနှိုင်းသဘောတူ အတည်ပြုခဲ့ကြပြီး ပထမနေ့ဆွေးနွေးပွဲ ကို ရပ်နားခဲ့ကြသည်။ ဆွေးနွေးပွဲဒုတိယနေ့ ကို ဒီဇင်ဘာ ၂၈ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ၌ နှစ်ဖက်သဘောတူ အတည်ပြုထားသည့် အစီအစဉ်များအတိုင်း ဆက်လက်ဆွေးနွေး ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြည်သူများ၏ဘဝလုံခြုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရခိုင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံ ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း များအတွက် မိမိတို့ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီအပါအဝင် လုပ်ငန်းကော်မတီ လေးခု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း များကို အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကောင်းမွန် ထိရောက်သည့်ဆုံးဖြတ်ချက်များ ချမှတ် ပေးနိုင်ရေးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ် စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စဉ်များကို အချိန်အဟုန်မပျက် ဆောင်ရွက် ရေးနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်း ရေး၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ဘဝ လုံခြုံရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစ ရှိသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်း ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ် ပါကြောင်း၊ ယနေ့ ညှိနှိုင်းအစည်းအဝေးမှ ရရှိလာသည့် ကောင်းမွန်သည့် သုံးသပ် အကြံပြုချက်များအပေါ် အခြေခံ၍ အကျိုးရှိထိရောက်သည့် ဆုံးဖြတ်ချက်များ ကို တစ်ပါတည်း ချမှတ်သွားမည်ဖြစ်ပါ ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းကော်မတီများအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ် များကို ရေးဆွဲထားသည့် စီမံချက်များ နှင့်အညီ အောင်မြင်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆောင်ရွက် သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့်



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာ သူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက် ခိုင်က ပြန်လည်ဝင်ရောက်လာသူများကို လူသားချင်းစာနာမှု အကူအညီအထောက် အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေ အနေများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လူဦးရေစိစစ်မှုကဏ္ဍ၊ ပြန်လည်လက်ခံရေးဆိုင်ရာ ပြင်ဆင်မှု လုပ်ငန်းများကဏ္ဍ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ကဏ္ဍ၊ လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍ၊ လူသား ချင်းစာနာမှု အကူအညီအထောက်အပံ့ ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ (HARWC) ၏ ရန်ပုံငွေ ရှင်းလင်းမှုကဏ္ဍ၊ လုံခြုံရေးကဏ္ဍများ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်း ကော်မတီများ၊ ဝန်ကြီးဌာနများက ကဏ္ဍ များအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်း အဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။

အဆိုပါဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ JengPhang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး နှင့် ဦးရွှေကြိမ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ဗိုလ်လုပွဲပွဲစဉ်အဖြစ် ဘော်လီဘော အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲ ပြတ်ဖြင့်လည်းကောင်း၊ ဘော်လီဘော အမျိုးသားပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီး ဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကိုဆက်လက် ကျင်းပရာ နေရာအလိုက်အကောင်းဆုံး အမျိုးသမီးအားကစားသမားဆု ရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ နေရာအလိုက်အကောင်းဆုံး အမျိုးသား အားကစားသမားဆုရရှိကြသူများကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြပြီး ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ ဘော်လီဘောအမျိုးသား ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်ကလည်းကောင်း ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဘော်လီဘောအမျိုးသမီး ပြိုင်ပွဲတွင် တတိယဆုရရှိသော ပြည်ထဲရေး ဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် JengPhang နော်တောင်က တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ နှင့် ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘော်လီဘောအမျိုးသား ပြိုင်ပွဲတွင် တတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ နှင့် ဆုဖလားကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၉) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီ ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် မင်းမင်းစိုးနှင့် ကျောင်းဆင်းဗိုလ်လောင်း များ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူး ခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာ များပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ် ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင် အရာရှိ ခန့်အပ်ခြင်းအခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရအမျိုးသမီးဗိုလ်လောင်း များအား ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူး ခန့်အပ်ပေးခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီး အရာရှိ ဗိုလ်လောင်းသင်တန်းအား တပ်မတော်အတွက် အရည်အချင်းပြည့်ဝ သည့် ဦးစီးအရာရှိများမွေးထုတ်ပေးရန် ဆိုသည့်ရည်ရွယ်ချက်ဖြင့် တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း အမှတ်စဉ်(၉)အထိ လေ့ကျင့်မွေးထုတ်ပေး နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် သက်ဆိုင်ရာ (ကြည်း၊ ရေ၊ လေ)လက်ရုံးတပ်ဖွဲ့များတွင် အသီးသီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ် ကြောင်း သတင်းရရှိသည်။



**တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကျင်းပစဉ်။**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထရ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်း ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထရ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူ ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေး လုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၀-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၀-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၀-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့် မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်း မရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံး ထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာ မြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေး တွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ ထုတ်ကုန်ပြပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူးကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs)ထုတ်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းတွင် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးသိန်းဌေးက တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်လိုင်စင်ပြုလုပ်ထားသည့် MSMEs လုပ်ငန်း ၂၈၇၄၆ ခု ရှိပြီး လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ စုပေါင်းဓာတ်ပုံရိုက်ကြပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSEMs) ထုတ်ကုန်ပြခန်းများနှင့် အသေးစားစက်မှုလက်မှုထုတ်ကုန်ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၊ ရွှေကမ္ဘာငွေစုငွေချေး သမဝါယမအသင်းလီမိတက်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် မန္တလေးမြို့ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံသို့ ရောက်ရှိကြပြီး စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးမျိုးထက်ဝင်း၏ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာထုတ်လုပ်ရေးနှင့် ဈေးကွက်အတွင်း လုံလောက်စွာဖြန့်ဖြူးသွားနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရက လိုအပ်သည်များကိုဖြည့်ဆည်းကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး နို့နှင့် နို့ထွက်ပစ္စည်းထုတ်စက်ရုံအတွင်း ကုန်ကြမ်းမှကုန်ချော ထုတ်ကုန်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံးကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောက် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရန်ကုန်-ဒလ မြစ်ကူးသင်္ဘောဖြစ်သည့် ချယ်ရီသင်္ဘောပေါ်သို့ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ၂၈-၁၂-၂၀၂၂ ရက် **ယနေ့**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**"ဒီးဒုတ်ခင်ကျေးရွာ လူသတ်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ➢ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ➢ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကိုလက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကိုဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍ သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇) (၆)မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ ဖက်စ်-၀၁-၆၅၄၆၇၈နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေးဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သောအထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ပေးပို့လာသော တိုင်တန်းချက်များတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူမပါရှိခြင်းများတွေ့ရှိနေရပါသဖြင့် တိုင်ကြားသူများအနေဖြင့် မိမိတို့၏တိုင်တန်းချက်တွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေပူးတွဲပေးပို့ပါရန်လည်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်**

# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တိုင်းစစ်ဌာနချုပ်စံပြဘက်စုံမွေးမြူရေးခြံအတွင်း ငါးမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်နှင့် ယနေ့တို့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် စံပြဘက်စုံ စိုက်ပျိုး၊ မွေးမြူရေးခြံ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက မိုင်းပန်တပ်နယ်နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံ၌လည်းကောင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အသီးသီးသွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ် ရွှေဟော့လူခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်အခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် ငါးဦးထိုးနှံနိုင်သည့် Sinopharm ဆေးများကို ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ Sinopharm ဆေးအလုံး ၅၀၀ နှင့် ဆေးထိုးအပ်များ၊ မြိတ်မြို့သို့ Sinopharm ဆေးအလုံး ၄၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

## ဒီဇင်ဘာ ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၆၂၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၂၅၃ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၇၅ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်နေ သရဖီလွင်(ခ) သဲသဲသည် ၎င်းအသုံးပြုသည့် "Thae Thae" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဉယျာဉ်စုကျေးရွာနေ ကောင်းမြတ်(ခ)ဘိုးတိုသည် ၎င်းအသုံးပြုသည့် "Kaung Myat" Facebook အကောင့်နှင့် ပြည်မြို့ ရွာဘဲရပ်ကွက်နေ ကျော်ဇင်ထွန်း(ခ)ကတုံးသည် ၎င်းအသုံးပြုသည့် "Kyaw Zin Htun" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

စိန်လှိုင်ပိုလ်

# ဆရာဝန်ပေးသောဆေးနှင့် တရားခံလူနာ

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်ပတ်သက်၍ အများပြည်သူ သိသင့်သိထိုက်သော လမ်းညွှန်စီရင်ထုံးတစ်ခုကို ဖတ်မိသည်။ လူတစ်ဦးသည် မိမိခံစားနေရသော ဝေဒနာအတွက် ဆရာဝန်တစ်ဦး၏ဆေးခန်းတွင် ကုသမှုခံယူသည်။ ထိုဆရာဝန်က လူနာ၏ရောဂါ ပျောက်ကင်းရန် ဆေးဝါးကုသပေးသည်။ သောက်သုံးရန်အတွက် ဆေးလက်မှတ်ပေး၍ ဝယ်ယူသောက်သုံးခဲ့သည်။ ဆရာဝန် ညွှန်ကြား၍ သောက်သုံးသည့်ဆေးတွင် မူးယစ်ဆေးဝါးဥပဒေနှင့် ငြိစွန်းသည့် အာနိသင်ရှိသော မော်ဖင်းပါဝင်နေသည်ကို လူနာမသိပါ။ မူးယစ်ဆေးဝါးလက်ဝယ်ရှိသူတစ်ဦးနှင့်အတူ နေအိမ်တွင် ထိုင်နေစဉ် ရဲကဝင်ဖမ်းသည်။ မူးယစ်ဆေးဝါး လက်ဝယ်မရှိသူ၏ဆီးကိုလည်း စစ်ဆေးရာ ဆီးတွင် ဘေးထွက်ပစ္စည်းအနေဖြင့် မော်ဖင်းကိုတွေ့ရှိရာမှ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရဖူးသည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ် ဝင်းကျော်ရဲဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မိုးကုတ်မြို့ ဝိစ္စကုတ်ရပ်နေ ကိုသီမောင်၏ နေအိမ်သို့ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဝင်ရောက်ရှာဖွေကြရာ နေအိမ်အပေါ်ထပ် ဘုရားစင်ရှေ့၌ အိမ်ရှင် ကိုသီမောင်နှင့် မောင်စိန်တို့ကို ထိုင်လျက်တွေ့ရှိရသည်။ ၎င်းတို့၏ ခန္ဓာကိုယ်ကိုရှာဖွေရာ ကိုသီမောင် ဝတ်ဆင်ထားသည့် အင်္ကျီလက်ရှည်ဝဲဘက်အပေါ်အိတ်ကပ်ထဲမှ သားရေအညိုရောင်ပိုက်ဆံအိတ်အတွင်း WY စာတန်းပါ အနီရောင် စိတ်ကြွဆေးပြား ၁၀ ပြား၊ WY စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၄၀၊ ငွေရောင်စက္ကူ ရှစ်ရွက်၊ ရော်ဘာပိုက်ဖြူတစ်ချောင်း၊ သံပိုက်တိုတစ်ချောင်းတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။ မောင်စိန်၏ ခန္ဓာကိုယ်ပေါ်မှမူ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရသော်လည်း မူးယစ်ဆေးဝါးသုံးစွဲရန် ပြင်ဆင်ရောက်ရှိနေကြောင်းဟု ဆိုကာ ကိုသီမောင်နှင့် မောင်စိန်တို့ကို အရေးယူပေးရန် ဒုတိယရဲအုပ် ဝင်းကျော်ရဲက တရားလိုပြုလုပ်တိုင်ကြားသောအမှုဖြစ်သည်။

ပြင်ဦးလွင်ခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်(၁/၂၀၀၄) တွင် တရားခံ မောင်စိန်အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ-၁၅ အရ အလုပ်နှင့် ထောင်ဒဏ်လေးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ကိုမောင်စိန်က မကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း အကျဉ်းနည်းဖြင့် ပလပ်ခံရသောကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှု တင်သွင်းလာသောအမှုဖြစ်သည်။

**တရားရုံးချုပ်၏ ဓိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွဲပေါ်ပေါက်ချက်အရ ဒေါက်တာ ချိုမောင်စန်း (လိုပြ-၇)က မောင်စိန်၏ ဆေးစာ(သက်သေခံ ပ- ၁) အရ ခန္ဓာကိုယ်စမ်းသပ်စစ်ဆေးချက်များအပေါ်မူတည်၍ မူးယစ်ဆေးဝါးသုံးစွဲထားသည့် အခြေအနေမရှိဟု မှတ်ချက်ပြုရမည်ဖြစ်ကြောင်းနှင့် ဒေါက်တာသဇင်ခိုင်က တရားခံ၏ ပြင်ပလက္ခဏာတွင် မူးယစ်ဆေးသုံးစွဲခြင်းလက္ခဏာမတွေ့ရသော်လည်း ဆီးတွင် မော်ဖင်း၊ ကိုဒင်းစမ်းသပ်တွေ့ရှိပါက ရောဂါအတွက် ဆရာဝန်ကြီးများ ညွှန်ကြားသော အချို့ဆေးဝါးများ



သောက်သုံးခြင်းအားဖြင့် တွေ့ရှိနိုင်သည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိဟု ယူဆနိုင်ကြောင်း ထွက်ဆိုထားကြသော်လည်း မောင်စိန်၏ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းမှာ (သက်သေခံပ-၁) ပြန်ကြားစာအရ ထင်ရှားကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

မောင်စိန်(ခံပြ-၂) က ၎င်းသည် လက်အဆစ် ကိုက်ရောဂါခံစားရ၍ မန္တလေးမြို့ ၃၅ လမ်းနှင့် ၇၅ လမ်းထောင့်ရှိ ဒေါက်တာကျော်နိုင်ဦးထံ ပြသခဲ့ကြောင်း၊ ဆရာဝန်က မန္တလေးဆေးရုံကြီးအတွင်းရှိ တားဂက်ဆေးဆိုင်မှ ဆေးဝယ်ရန် ဆေးစာပေးခဲ့ကြောင်း၊ အဆိုပါဆေးကို တစ်နေ့သုံးကြိမ်နှင့် ငါးရက်သောက်ရန် ညွှန်ကြားခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် မန္တလေးမြို့မှ မိုးကုတ်မြို့သို့ ပြန်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျောက်ရောင်းရန်ရှိ၍ မန္တလေးမြို့ရှိ ကိုသီမောင်၏အိမ်သို့သွားရာ ကိုသီမောင်၏ဇနီးမရှိ၍ စောင့်နေစဉ် ရဲများနှင့် တာဝန်ရှိသူများရောက်လာပြီး ကိုသီမောင်ကို ဖမ်းဆီးကြောင်း၊ ကိုမောင်စိန်၏ခန္ဓာကိုယ်ကို ရှာဖွေသည့်အခါ မည်သည့်ဆေးမှမတွေ့ရှိရကြောင်း၊ ပြစ်မှုကျူးလွန်ခြင်းမရှိ၍ အပြစ်မရှိကြောင်း ထုချေခဲ့သည်။

ဒေါက်တာ ကျော်နိုင်ဦး (ကိုမောင်စိန်ကို ဆေးစာရေးပေးသည့် ဆရာဝန်) (ခံပြ-၄) က ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် မိုးကုတ်မြို့မှ ကိုမောင်စိန်ကို ဆေးကုပေးခဲ့ကြောင်း၊ လက်အဆစ်ကိုက်၍ **အက်ဖရာဂင်စင်ကိုဒင်းဆေး**ကို တစ်နေ့သုံးကြိမ် ငါးရက်သောက်ရန် မန္တလေးဆေးရုံကြီး တားဂက်ဆေးဆိုင်မှဝယ်ယူရန် ဆေးစာရေးပေးလိုက်ကြောင်း၊ **မောင်စိန်၏ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းမှာ အက်ဖရာဂင်စင်ကိုဒင်းဆေးကြောင့် ဆီးတွင် ဘေးထွက်ပစ္စည်းအဖြစ် မော်ဖင်းဓမ်းသပ်တွေ့ရှိရခြင်းဖြစ်ကြောင်း** ထောက်ခံထွက်ဆိုခဲ့သည်။

မောင်စိန်အား ဆရာဝန်ညွှန်ကြားသည့် အက်ဖရာဂင်စင်ကိုဒင်းဆေးသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့် (၁/၂၀၀၃) အပိုဒ်-၁ (က) အရ အထူးထိန်းချုပ်ဆေးဝါး အမျိုးအစားတွင် ပါဝင်သည်။ အဆိုပါဆေးကို လက်လီရောင်းချခွင့်ရှိသည့် မန္တလေးဆေးရုံကြီး တားဂက်ဆေးဆိုင်မှ ဝယ်ယူသောက်သုံးသည်မှာလည်း မှန်သည်။ **သို့ရာတွင် အဆိုပါဆေးဝါးကို ပေးခွင့်ရှိသူမှာ ကျန်းမာရေးဝန်ကြီးဌာန အမိန့်အမှတ် (၁/၂၀၀၃) အပိုဒ်-၁၀(က) အရ အထူးကုဆရာဝန် အဆင့်နှင့်အထက် ဆရာဝန်ကြီးများဖြစ်သည်။ ၎င်းတို့သည်သာ အထူးထိန်းချုပ်ဆေးဝါးနှင့် သာမန်ထိန်းချုပ်ဆေးဝါးများကို ဝယ်ယူကုသရန် ဆေးညွှန်ကြားစာပေးခြင်း၊ ဆေးကုသပေးခြင်းတို့ပြုလုပ်နိုင်ကြောင်း** တရားရုံးချုပ်က စိစစ်ခဲ့သည်။

မောင်စိန်ကို ဆေးကုသပေးသူ ဒေါက်တာ ကျော်နိုင်ဦးသည် အထူးကုဆရာဝန်ဟု မပေါ်ပေါက်ကြောင်း၊ သာမန်ဆေးကုသခွင့်ရှိသော ဆရာဝန်သာဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်း၏ဆေးကုသမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၁/၂၀၀၃)၊ အပိုဒ်-၁၀(က) နှင့် ညီညွတ်မှုမရှိကြောင်း၊ ၎င်းညွှန်ကြားသည့်ဆေးကို သုံးစွဲ၍ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်သည်ဆိုသော ထုချေချက်မှာ တရားလိုဘက်မှ တင်ပြသည့် စွပ်စွဲချက်ကို ချေဖျက်နိုင်ခြင်းမရှိကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။

တရားရုံးချုပ်က မောင်စိန်အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဥပဒေပုဒ်မ-၁၅ အရ ပြစ်မှုထင်ရှားစီရင်သည့် ပြင်ဦးလွင်ခရိုင်တရားရုံးအမိန့်နှင့် ၎င်းအမိန့်ကိုအတည်ပြုသော မန္တလေးတိုင်းတရားရုံး၏ အမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်၍ မောင်စိန်တင်သွင်းသော ပြင်ဆင်မှုကို ပလပ်ခဲ့သည်။

အမှုတွင် တရားခံ မောင်စိန် အလုပ်နှင့်ထောင်ဒဏ် လေးနှစ် ကျခံသွားရသည်။ မိမိအနေဖြင့် စိတ်ဝင်စားစရာအတွေးများ ပွားများခဲ့သည်။ စာဖတ်သူများလည်း ဝိုင်းဝန်းစဉ်းစားဆင်ခြင်သုံးသပ် အတွေးပွားကြစေလိုသည်။ မောင်စိန်၏ခန္ဓာကိုယ်မှ မူးယစ်ဆေးဝါးဥပဒေနှင့် ငြိစွန်းသောပစ္စည်း ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းမရှိပါ။ ဆီးကိုစစ်ရာ မော်ဖင်းစမ်းသပ်တွေ့ရှိခဲ့သည်။ အထူးကုမဟုတ်သော သာမန်ဆေးကုသခွင့်ရှိ ဆရာဝန်၏ သောက်သုံးစေသောဆေးဝါးတွင် မော်ဖင်းပါရှိနေခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည်။ ဤသို့ဆိုလျှင် အထူးကုဆရာဝန်မဟုတ်သော သာမန်ဆေးကုသခွင့်ရှိသော ဆရာဝန်များအနေဖြင့် အထူးသတိပြုဆင်ခြင်ရန်အကြောင်း ပေါ်ပေါက်သည်ဟု သဘောရိုးဖြင့် ထင်မြင်ယူဆမိသည်။ မောင်စိန်ကို ကုသရာတွင် သာမန်ဆေးကုသခွင့်သာရှိသော ဆရာဝန်တစ်ဦးအနေဖြင့် အက်ဖရာဂင်စင်ကိုဒင်းကဲ့သို့ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသည့်ဆေးဝါးများ (မိမိအနေဖြင့် လူနာသောက်သုံးရန် ညွှန်ကြားခွင့်မပြုနိုင်သောဆေးဝါး)များကို သောက်သုံးရန် မညွှန်ကြားသင့်ကြောင်း ဆင်ခြင်တွေးဆမိသည်။

အကယ်၍ မောင်စိန်သည် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိဘဲ ၎င်း၏လက်အဆစ်ကိုက်ရောဂါအတွက် သောက်သုံးလိုက်ရသည့်ဆေးဝါးကြောင့် ဆီးတွင် ဘေးထွက်ပစ္စည်း မော်ဖင်းတွေ့ရှိခြင်းဖြစ်ပါမူ ဒုတိယမောင်စိန်များ ထပ်မံမပေါ်ပေါက်စေရန် အထူးဆင်ခြင်သင့်ပါကြောင်း မောင်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၅ ခုနှစ်၊ ပြင်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၁၅၇(ခ) စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# တံတားဦးမြို့နယ် ပြူကန်ခေတ်မီစံပြကျေးရွာ၌ သောက်သုံးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး



**တံတားဦး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြူကန်ကျေးရွာအုပ်စု ပြူကန်ခေတ်မီစံပြကျေးရွာ၌ သောက်သုံးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စောနှင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ဝင့်ဝါဖြူတို့က တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာဆန်း၊ ကျေးရွာကော်မတီဝင်များ၊ သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ပြူကန်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ပြူကန်ခေတ်မီစံပြကျေးရွာ၌ အလျား ပေ ၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အလျား ၁၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်း၊ နှစ်လက်မ PVC ရေပိုက်လိုင်း ပေ ၁၄၆၇၀ သွယ်တန်းခြင်းနှင့် သုံးလက်မ PVC ရေပိုက်လိုင်း ပေ ၁၀၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုး (ယူနီဆက်ပူးပေါင်း)ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၃၃၄ သန်းဖြင့် မြစ်ရော ကုမ္ပဏီက နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ရိုး**

# နယူးယောက်ပြည်နယ်တွင် နှင်းမုန်တိုင်းဝင်ရောက်မှုကြောင့် သေဆုံးသူ ၂၇ ဦးထိ မြင့်တက်




**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်တွင် ဒီဇင်ဘာ ၂၄ ရက်မှစ၍ နှင်းမုန်တိုင်းဝင်ရောက်မှုကြောင့် လူသေဆုံးမှုများနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါနှင်းမုန်တိုင်းကြောင့် ဒီဇင်ဘာ ၂၄ ရက်တွင် သေဆုံးသူ ၁၈ ဦးထက်မနည်းရှိခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် သေဆုံးသူ ၂၇ ဦးထိ မြင့်တက်ခဲ့ကြောင်း နယူးယောက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နှင်းမုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေပြီး နှင်းမုန်တိုင်းအန္တရာယ်ဖြင့် အဓိက ရင်ဆိုင်နေရသည့်ဧရိယာမှာ ဘက်ဖလိုးမြို့ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်နှင်းမုန်တိုင်းနှင့်ပတ်သက်၍ တစ်သက်လျှင်တစ်ခါသာကြုံတွေ့ရသည့်သဘာဝဘေးအန္တရာယ်မျိုးဖြစ်ကြောင်း နယူးယောက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နှင်းမုန်တိုင်းကြောင့် နယူးယောက်ပြည်နယ်မှာ သေဆုံးသူ ၂၇ ယောက်ထိ မြင့်တက်လာခဲ့ပါတယ်။ နှင်းမုန်တိုင်းကြောင့်သေဆုံးသူအများစုက ဘက်ဖလိုးမြို့ကဖြစ်ပါတယ်။ နှင်းမုန်တိုင်းကြောင့် အအေးဓာတ် လွန်ကဲနေသလို လျှပ်စစ်မီး ပြတ်တောက်မှုတွေနဲ့ အဓိက ရင်ဆိုင်နေရပါတယ်။ နှင်းမုန်တိုင်းဟာ နယူးယောက်ပြည်နယ်ကနေ မက္ကဆီကိုနယ်စပ်ထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ သေဆုံးသူတွေ ဆက်လက်မြင့်တက်လာနိုင်တဲ့အခြေအနေမှာရှိနေပါတယ်" ဟု အမေရိကန်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နှင်းမုန်တိုင်းကြောင့် သေဆုံးသူအများစုမှာ နှင်းမုန်တိုင်းတိုက်ခတ်ချိန် မဆင်မခြင်ယာဉ်မောင်းနှင်ပြီး ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းမကြီးများထက်တွင် ဆီးနှင်းထုထပ်စွာကျဆင်းနေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အခက်အခဲရှိနေပြီး နယူးယောက်အာဏာပိုင်အဖွဲ့အစည်းက နှင်းမုန်တိုင်းဝင်ရောက်နေသည့်ကာလအတွင်း မော်တော်ယာဉ်များ အသုံးမပြုရန် အဓိက တိုက်တွန်းထားကြောင်း သိရသည်။ **နိုင်းဆက်**

# အီကွေဒေါနိုင်ငံရှိ Cotopaxi မီးတောင်က ဓာတ်ငွေ့နှင့် ပြာမှုန်များမှုတ်ထုတ်နေသဖြင့် အန္တရာယ်သတိပေးချက်ထုတ်ပြန်ထား

**ကီတို ဒီဇင်ဘာ ၂၇**

အီကွေဒေါနိုင်ငံရှိ Cotopaxi မီးတောင်သည် ဒီဇင်ဘာ ၂၆ ရက်က မီတာ ၁၅၀၀ ထိ ရေနွေးငွေ့၊ ဓာတ်ငွေ့နှင့် ပြာများမှုတ်ထုတ်နေသဖြင့် အီကွေဒေါနိုင်ငံအာဏာပိုင်များက အန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း Merco Press သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

Cotopaxi မီးတောင်သည် ဒီဇင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၅၀ တွင် ပြင်းထန်စွာလှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ပြီး အကွာအဝေး မီတာ ၁၅၀၀ထိ ရေနွေးငွေ့၊ ဓာတ်ငွေ့နှင့် ပြာများကို မှုတ်ထုတ်ခဲ့ကြောင်း အီကွေဒေါနိုင်ငံ အမျိုးသားပိုလီတက်ကနစ်ကျောင်း၏ ဘူမိရူပသိပ္ပံဌာနက အတည်ပြုပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက်ကလည်း အီကွေဒေါနိုင်ငံ၏မြို့တော် Quito မြို့သို့ ပြာများလွင့်စဉ်ရောက်ရှိလာခဲ့ပြီး အဆိုပါပြာများသည်မြို့တော်နှင့် ၄၅ ကီလိုမီတာအကွာတွင် တည်ရှိသော Cotopaxi မီးတောင်မှ ပြာမှုန်များဖြစ်ကြောင်း ပညာရှင်များက အတည်ပြုပြောကြားခဲ့သည်။



အင်ဒီးစ်တောင်တန်းပေါ်ရှိ အဆိုပါမီးတောင်မှ ငလျင်အချက်ပြမှုများတိုးလာကြောင်းကို ဘူမိရူပသိပ္ပံဌာနက အောက်တိုဘာ ၂၁ ရက်ကလည်း သတင်းထုတ်ပြန်ခဲ့ပြီး မကြာမီပေါက်ကွဲနိုင်သည်ဟု သတိပေးခဲ့သေးကြောင်း သိရသည်။

Cotopaxi မီးတောင်သည် အီကွေဒေါနိုင်ငံတွင် အတက်ကြွဆုံးသောမီးတောင်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၈၉၇ မီတာရှိကြောင်း သိရသည်။

AZH

# ပေါ်တူဂီနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့နှင့် Avenida João XXI ဥမင်လိုဏ်ခေါင်း ယာယီပိတ်ထား

**လစ္စဘွန်း ဒီဇင်ဘာ ၂၇**

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဒီဇင်ဘာ ၂၆ ရက်က ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့နှင့် Avenida João XXI ဥမင်လိုဏ်ခေါင်းကို ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း လစ္စဘွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Resident သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လစ္စဘွန်းမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေသော ဧရိယာ ၃၄ နေရာထိရှိနေပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသည့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရသည့်အတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိနေကြောင်း၊ ယာယီပိတ်ထားရသည့်လမ်းမကြီးများမှာ အဝန်နီဒါဒီဆူတာဧရိယာရှိ လမ်းမကြီးများဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသော ဒေသများတွင် ကယ်ဆယ်ရေး ဝန်ထမ်းများက သဲအိတ်များဖြင့်ကာရံခြင်း၊ လမ်းမကြီးများထက်မှရေများကို ရေစုပ်စက်များဖြင့် မြစ်ချောင်းများအတွင်း စုပ်ထုတ်ခြင်းတို့ ပြုလုပ်ပေးနေကြောင်း လစ္စဘွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပက်ဒရိုကော့ မြစ်ကမ်းပါးဧရိယာတစ်လျှောက် ရေကြီးရေလျှံမှုတွေ ဆိုးဆိုးရွားရွားဖြစ်ပေါ်နေပါတယ်။ အဝန်နီဒါဒီဆူတာဧရိယာက လမ်းမကြီးတွေနဲ့ ချိတ်ဆက်ထားတဲ့လမ်းမကြီးကို ယာယီပိတ်ထားရပါတယ်။ ဒီနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုတွေထဲမှာ ဒီတစ်ကြိမ်ကတော့ အဆိုးရွားဆုံးရေကြီးရေလျှံမှုဖြစ်ပါတယ်။ ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားပေမဲ့ ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သလို ဘေးလွတ်ရာ ရွှေ့ပြောင်းရတာမျိုးလဲမရှိခဲ့ပါဘူး။ ရေကြီးရေလျှံမှုက မိုးလေဝသအခြေအနေပေါ် မူတည်နေပြီးတော့ ရေကြီးရေလျှံမှုအခြေအနေတည်ငြိမ်သွားမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု လစ္စဘွန်းမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ လူဆာက ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# ပါကစ္စတန်ရေဘေးသင့်ဒေသများအတွက် တူရကီနိုင်ငံက ရွေ့လျားဆေးခန်းနှင့် အခြားဆေးပစ္စည်းများ လှူဒါန်း

**အင်ကာရာ ဒီဇင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံ ရေလွှမ်းမိုးမှုဘေးဒဏ်သင့် ဒေသများတွင် ဝန်ဆောင်မှုပေးမည့် ရွေ့လျားဆေးခန်းနှင့် အခြားဆေးအသုံးအဆောင်ပစ္စည်းများကို တူရကီပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းရေး အေဂျင်စီက ဒီဇင်ဘာ ၂၆ ရက်က လှူဒါန်းခဲ့ကြောင်း အဆိုပါအေဂျင်စီက ထုတ်ပြန်သောသတင်းအရ သိရသည်ဟု Daily Sabah သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုကြောင့် လူသေဆုံးမှု၊ အိုးအိမ်ပျက်စီးမှုနှင့် ကျန်းမာရေးအဆောက်အအုံ အလုံး ၈၈၀ ကျော်ပျက်စီးခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံအနေဖြင့် ပါကစ္စတန်ရေဘေးကယ်ဆယ်ရေးအတွက် လေကြောင်းခရီးစဉ် ၁၅ ခု၊ ရထားခရီးစဉ် ၁၃ ခုတို့ဖြင့် ရွက်ဖျင်တဲများ၊ လှေများ၊ အစားအစာနှင့် ဆေးဝါးများ၊ ကာကွယ်ဆေးများနှင့် အခြားထောက်ပံ့ရေးပစ္စည်းများကို ယခင်ကလည်း ပို့ဆောင်ပေးခဲ့သေးကြောင်း သိရသည်။

ယခုအကြိမ်တွင် ဆေးဘက်ဆိုင်ရာထောက်ပံ့ရေးပစ္စည်းများစွာနှင့်အတူ ကိရိယာအပြည့်အစုံတပ်ဆင်ထားသော ရွေ့လျားဆေးခန်းတစ်ခုကို ပေးအပ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါရွေ့လျားဆေးခန်းဖွင့်ပွဲအခမ်းအနားသို့ ပါကစ္စတန်နိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး Mehmet Pacaci တက်ရောက်ခဲ့ပြီး ပါကစ္စတန်နှင့် တူရကီနိုင်ငံတို့၏ ခိုင်မြဲသောဆက်ဆံရေးကို သက်သေပြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါရွေ့လျားဆေးခန်းသည် ရေဘေးဒဏ်ခံခဲ့ရသော Sindhနှင့် Balovhistan ပြည်နယ်တို့တွင် ရွေ့လျား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆေးဝါးမျိုးစုံနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများကိုလည်း ပံ့ပိုးပေးသည့်စီမံကိန်းအတွင်း ကျန်းမာရေးဌာနများနှင့်ဝေးကွာသော ဒေသများသို့လည်း ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

AZH

# သြစတြေးလျနိုင်ငံ ပြည်နယ်ငါးခုတွင် အပူချိန်မြင့်တက်မှု သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ ဒီဇင်ဘာ ၂၇**

သြစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်လျက်ရှိနေပြီး ပြည်နယ်ငါးခုတွင် အပူချိန်မြင့်တက်မှု သတိပေးချက် ထုတ်ပြန်ထားကြောင်း သြစတြေးလျ ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု 9News သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်တက်မှုမှာ ဒီဇင်ဘာ ၂၅ ရက်က စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၉ ရက်ထိ အပူချိန်မြင့်တက်မှု ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိနေကြောင်း၊ အပူချိန်မြင့်တက်နေသည့် ပြည်နယ်ငါးခုမှာ နယူးဆောက်ဝေးပြည်နယ်၊ ဗိတိုရိယပြည်နယ်၊ တောင်ပိုင်းသြစတြေးလျပြည်နယ်၊ အနောက်ပိုင်းသြစတြေးလျပြည်နယ်၊ တက်စ်မေးနီးယားပြည်နယ်တို့ဖြစ်ကြောင်း သြစတြေးလျ ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။

အနောက်ပိုင်း သြစတြေးလျပြည်နယ်တွင် အပူချိန်မှာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပြီး အပူလှိုင်းများ ဆက်တိုက်ဖြတ်သန်းတိုက်ခတ်ဖွယ် ရှိနေကြောင်း၊ တောင်ပိုင်းသြစတြေးလျပြည်နယ်တွင် အပူချိန်မှာ ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပြီး တောင်ပိုင်းသြစတြေးလျပြည်နယ်ရှိ ရေးဗားလန်းခရိုင်၊ မာရေးလန်းခရိုင်၊ အနောက်ဘက်ကမ်းခြေခရိုင်၊ အိုင်ရီကျွန်းဆွယ်တို့တွင် အပူချိန် ဆက်တိုက် မြင့်တက်လျက်ရှိကြောင်း၊ တောင်ပိုင်းသြစတြေးလျပြည်နယ်တွင် ယနေ့ညပိုင်းမှစ၍ အပူချိန် ပြန်လည်ကျဆင်းလာနိုင်ကြောင်း သြစတြေးလျဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။


နယူးဆောက်ဝေးပြည်နယ်တွင်လည်း အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်သော်လည်း လာမည့် ၂၄ နာရီကျော်လွန်ပါက အပူချိန်ပြန်လည်ကျဆင်းလာနိုင်ဖွယ်ရှိနေကြောင်း၊ ဗိတိုရိယပြည်နယ်တွင် အပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပြီး ဗိတိုရိယပြည်နယ်အနောက်မြောက်ဘက်ပိုင်းတွင်အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်သည်။ တက်စ်မေးနီးယားပြည်နယ်တွင် အပူချိန်မြင့်တက်မှုမှာ ကာလတိုတောင်းနိုင်ပြီး အပူချိန်မြင့်တက်ပြီးပါက မိုးရွာသွန်းလာနိုင်ဖွယ်ရှိနေကြောင်း သြစတြေးလျ ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# ဒါနခန်းဝတ္ထုများ ထုတ်ဝေဖြန့်ချိ




ပန်းရွှေပြည်စာပေက တတိယအကြိမ်ထုတ်ဝေသော စလေဦးပုည၏ ဒါနခန်းဝတ္ထုများစာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် ဟောစာဇာတ်ဝတ္ထု ၂၈ ပုဒ်ပါရှိပြီး စလေဦးပုည၏ အတ္ထုပ္ပတ္တိကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ငယ်မည်မှာကား သူ၏ မိဘနှစ်ပါးတို့သည် သူနှစ်နှစ်သားအရွယ်တွင် သူ့ကိုပါခေါ်၍ စလေမြို့မှ အမရပူရမြို့ သာယာဝတီမင်း၏ အိမ်တော်သို့အခစားသွားရောက်သောအခါ၊ စည်တော်ရုံ၌ ခေတ္တမျှကြည့်ရှုနေကြစဉ် နှစ်နှစ်သားအရွယ်မျှရှိသေးသောသူသည် စည်တော်ကြီးများကို ပုတ်ခတ်ကစားသဖြင့် သာယာဝတီမင်း သိတော်မူရကား "စည်ကြီးများကို ပုတ်ခတ်ကစားခြင်းမှာ ဤသူငယ်သည် ကြီးသောအခါ ကဗျာလင်္ကာမှစ၍ ပညာအလုံးစုံ တတ်မြောက်မည့်နိမိတ်ဖြစ်သည်"ဟု နိမိတ်ဖတ်ကာ ရွှေဒေါင်းခွက် နှစ်ကျပ်သား၊ ငွေခြေချင်းခေါင်းပွကြီး တစ်ရံ ၁၀ သားကိုသနားချီးမြှင့်လက်ဖွဲ့တော်မူရင်း'မောင်ပုတ်စည်' အမည်တွင်စေဟုအမည်ပေးခဲ့သဖြင့် မောင်ပုတ်စည်ဖြစ်လေသည် စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်ပါ ကာကဝလိယသူဆင်းရဲလင်မယားဝတ္ထုမှကောက်နုတ်ဖော်ပြရလျှင် လူဒုက္ခိတ၊ မောင်ကာကတို့၊ ပျော်ကြသည့်ခမ်းဝါ၊ အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံး ဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေမွေ့ရာနှင့်ချချာတော်မူလှသော၊ ကာကဝလိယ၊ မွဲပြာကျမောင်နှံတို့၊ စံကြသည့်အိမ်ဦးသို့၊ ကျေးဇူးတော်သခင်၊ အရှင်ကဿပ၊ ထေရ်နှသည်၊ ကြွ၍ ဆွမ်းရပ်တော်မူလာ၏။ ထိုအခိုက်ကာလ၊ ကာကဝလိယလည်း၊ ဝဠ္ဍဝန်² ကျောင်းတော်. . . စာ-၁၃၁၊ ၁၃၂ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မြန်မာအမိမြေ ကမ္ဘာသိစေ ထွက်ရှိလာ




နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေသော မင်းယဉ်စု၏ မြန်မာအမိမြေ ကမ္ဘာသိစေ ကဗျာပေါင်းချုပ်စာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ဤကဗျာများကိုလူငယ်များအတွက် အထူးသဖြင့် **"အဝေးရောက် မြန်မာလူငယ်များ"**အတွက် ရည်ရွယ်ပြီး ဖွဲ့ဆိုပါသည်။ "အဝေးရောက် မြန်မာလူငယ်များ"ဟုဆိုရာ၌ ကိုယ့်ပြည်၊ ကိုယ့်နိုင်ငံတွင် မနေရဘဲ အခြေအနေအရ အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ပြည်၊ ကိုယ့်နိုင်ငံမှခွာပြီး အခြားတိုင်းတစ်ပါး လူမျိုးခြားများကြားတွင် မိဝေးဖဝေး၊ ဆွေမျိုးညီအစ်ကို မောင်နှမဝေး၊ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်း ရောင်းရင်းများနှင့်ဝေးပြီး နေနေရသော မြန်မာပြည်ဖွားမြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားလူငယ်မောင်မယ်များကိုဆိုလိုပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသား အဝေးရောက် လူငယ်မောင်မယ်များသည် အများအားဖြင့် မည်းကြပါ။ ခေသူများ မဟုတ်ကြပါ။ အကြောင်းအားလျော်စွာ နေရာဌာနအလိုက် လူအထိုထို ပုဂ္ဂိုလ်အစားစားတို့နှင့်. . . စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်ပါ "အနိုင်မခံနဲ့" ကဗျာကို ဤသို့ဖတ်ရှုနိုင်သည်။

မျိုးဆက်သစ်အား လူငယ်များ
ရေခြားမြေခြား သူစိမ်းကြားတွင်
ခိုနားဝေးလံ သူ့နိုင်ငံ၌
စံရည်မကျ မြန်မာ**"လှ"**အောင်
နေပြထိုင်ပြ မည်းကြနှင့်
ကျရာအလုပ် နောက်မဆုတ်ဘဲ
ငုပ်မိသဲတိုင် စိတ်ခိုင်ခိုင်ဖြင့်
နိုင်ငံလူမျိုး ဂုဏ်မညှိုးအောင်
အကျိုးဆောင်လော့
ထောင်လျှင်မတ်မတ်
ရပ်လျှင်မြဲမြဲ ဌဲနပဲဖြင့်
ရဲရဲယုံယုံ ကိုယ့်တာလုံပြီး
လုံးစုံစေ့ငု ဂရုပြုလော့
အနုနှင့်ယှဉ်ယှဉ် အယဉ်နှင့်စမ်းစမ်း
အကြမ်းနှင့်ပြိုင်ပြိုင် ဘယ်သို့ဆိုင်စေ
အနိုင်မခံ မြန်မာ့မာန်ဖြင့်
နိုင်ငံမနွမ်း ဂုဏ်သိန်လန်းအောင်
**ထမ်းဆောင်လေတော့**
**ထမ်းလေတော့...။**
**အစွမ်းပြောင်ပေတော့**
**စွမ်းပေတော့...။** စာ-၃၇ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# တစီစီပျံ့သန်းလာသော Microfiction 150 ပုံနှိပ်ထုတ်ဝေ




ရသယဉ်စွန်းတန်းစာပေက ထုတ်ဝေသော ဂျီဇော်၏ တစီစီပျံ့သန်းလာသော Microfiction 150 စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ မိတ်ဆက်အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ယနေ့ အင်တာနက်ခေတ်မှာ လေ့လာဖတ်ရှုစရာ၊ ဖျော်ဖြေမှုတွေအပုံအပင်ခေတ်မှာ၊ စားသုတ်သုတ် သွားသုတ်သုတ်၊ အချိန်ကို ခြစ်ခြုတ်နေရတဲ့ခေတ်မှာ၊ ဒီလို တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်အတွင်း ဖတ်လို့ပြီးတဲ့ အတိုအကျစ် Fiction Piece လေးတွေကိုစိတ်ဝင်စားလာကြတာကလည်း ခေတ်ရဲ့တောင်းဆိုမှု(သဘာဝတရား)ပါပဲ စသည်ဖြင့် ဖော်ပြပါရှိသည်။


ယခုစာအုပ်တွင် ရသမြောက်ပြီး တိုတောင်းကျစ်လျစ်သည့် စကားပြေအရေးအသားများပါဝင်ပြီး အဆိုပါစကားပြေအရေးအသား စာစုငယ်ကလေးများမှာ နှစ်သက်ဖွယ်ကောင်း၍ အတွေးစိတ်ကူးကွန့်မြူးဖွယ်ရာ လက်ရာများဖြစ်နေကြောင်း တွေ့ရသည်။

ယခုစာအုပ်တွင် စကားရည်လုပွဲမှ တစ်ခါတစ်ခါ ဘဝဟာ ပြဇာတ်အထိ စာစုငယ်ပုဒ်ရေ ၁၅၀ ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ သူလိုကိုယ်လိုမိုးကို ဤသို့တွေ့ရသည်။ မိုးရွာပြီ. . .။ ကျွန်တော်အနံ့သိနေတဲ့ မိုးပါ။ တအားရွာမှာသေချာတယ်။ အဖေက ခမောက်ကြီးဆောင်းပြီး နွားချေးကျုံးနေတယ်။ နှမ်းခင်း၊ ပြောင်းခင်းတွေအကြိုက်ပဲဟေ့တဲ့။ ဘယ်သူ့ကိုပြောမှန်းလည်းမသိ။ ကျွန်တော် သတိထားမိတာ ငါးခါရှိပြီ။ နွားနှစ်ကောင်က ပခုံးချင်းယှဉ်ပြီးရပ်နေကြ။ နွားချေးကျုံးပြီးရင် အိပ်ကြတော့မှာ။ အမေ့မီးဖိုချောင်က မီးခိုးအူလွန်းတယ်။ အမေက အိမ်ခေါင်မိုးမော့ကြည့်လိုက်၊ အိမ်ရှေ့မျှော်ကြည့်လိုက်နဲ့။ စာ-၁၀၀ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဒဿနပန်းခင်း ထွက်ရှိလာ




စိတ်ကူးချိုချိုစာပေက ထုတ်ဝေသော မောင်ကြည်သစ်၏ ဒဿနပန်းခင်းစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် နှစ်ပေါင်းသုံးဆယ်ကာလအတွင်း ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များစွာ၌ ပျံ့နှံ့နေသော ကျွန်တော်၏စာမူများကို အပင်ပန်းခံလိုက်လံရှာဖွေပြီး စုစည်းစီစဉ်ပေးသူမှာ ရာစုသစ်မဂ္ဂဇင်းအယ်ဒီတာချုပ်ကိုယ်တိုင်ဖြစ်ပါသည်။ စာအုပ်တစ်အုပ်အဖြစ် မှတ်မှတ်သားသား ထွက်ပေါ်လာအောင် ထုတ်ဝေပေးသူမှာ စိတ်ကူးချိုချိုစာပေတိုက်မှ ဦးစန်းဦးဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံးကိုကျေးဇူးတင်ပါသည်။ အထူးပင်ကျေးဇူးတင်ပါသည် စသည်ဖြင့် ဖော်ပြပါရှိသည်။


ယခုစာအုပ်တွင် (က) ဒဿန၊ (ခ) သိပ္ပံဒဿန၊ (ဂ) အနုပညာဒဿန၊ (ဃ) နိုင်ငံရေးဒဿန၊ (င) သမိုင်းဒဿန၊ (စ) ပုဂ္ဂလဘဝဖြစ်တည်မှုဒဿန၊ (ဆ) ဒဿနအတွေးဆောင်းပါး၊ (ဇ)ဒဿနအင်တာဗျူး၊ (ဈ) ဒဿနသုတေသန ဟူသော အခန်း ၉ ခန်းပါဝင်ပြီး ၎င်းအခန်းများကို ခေါင်းစဉ်ခွဲများဖြင့်ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ နိရှေး၏ အောင်မြင်ထူးချွန်သူနှင့် ယန်းပေါ်ဆာတ်၏ စစ်မှန်သောဖြစ်တည်မှုမှ ကောက်နုတ်ဖော်ပြရလျှင် "လူသားဟူသည် အဟိတ်တိရစ္ဆာန်နှင့် အောင်မြင်ထူးချွန်သူတို့အကြား၌ ဆက်သွယ်ထားသော ကြိုးတစ်ချောင်းမျှသာဖြစ်သည်။ ထိုကြိုးသည် အသူတရာနက်လှစွာသောချောက်ကြီးပေါ်တွင် ဖြတ်သန်းဆက်သွယ်ထား၏။ လူသားဟူသည် တံတားဖြစ်၏။ ပန်းတိုင်မဟုတ်။ ထိုအချက်မှာ လူသားရဲ့ကြီးကျယ်မြင့်မြတ်မှုဖြစ်၏။ ကျော်ဖြတ်အောင်မြင်ခြင်းနှင့် လျှောကျဆုံးရှုံးခြင်းတို့သည် လူသားအတွက် လိုလားချစ်ခင်ဖွယ်ရာများ ဖြစ်ပေသည်" စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်မှာ ဒဿနပန်းခင်း ဟူသည့်အတိုင်း တွေးတောကြံဆမှုများနှင့် ဆက်စပ်အကြောင်းအရာများကို ဝေဝေဆာဆာဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ကျွန်မတို့ကတော့ ဦးလေးအေး အများကတော့ ပန်းချီအမ်တင်အေး ထုတ်ဝေဖြန့်ချိ



လောကသရဖူစာအုပ်တိုက်က ထုတ်ဝေသော ဒေါက်တာခင်လက်ျာ (အမျိုးသားစာပေဆုရ)၏ ကျွန်မတို့ကတော့ ဦးလေးအေး အများကတော့ ပန်းချီအမ်တင်အေးစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ဤစာအုပ်ဖြစ်မြောက်ရန် ဆရာကြီး ဦးအမ်တင်အေးပြောသွားသည်များကို သေချာစွာသွင်းယူထားသည့် တိပ်များ၊ မှတ်စုများ၊ ရှားပါးဓာတ်ပုံနှင့် ပန်းချီကားများ၊ မိခင်နှစ်ပေါင်းများစွာ သိမ်းဆည်းထားသည့် နေ့စဉ်မှတ်တမ်း၊ မှတ်စု၊ ဖခင်၏ မှတ်တမ်းများ၊ ရှားပါးဓာတ်ပုံများ၊ ဆရာကြီး ဦးအမ်တင်အေး၏ ပန်းချီနှင့်ဓာတ်ပုံများပါသည့် မဂ္ဂဇင်းနှင့် ဂျာနယ်များကို ကိုးကား၍ ရေးသားလိုက်ခြင်းဖြစ်ပါသည်ဟု တွေ့ရသည်။

ယခုစာအုပ်တွင် အခန်း (၁) "မောင်တင်အေး၏ ဘဝခရီးအစ"၊ အခန်း(၂) "ရေစက်ဆိုသည်မှာ"၊ အခန်း(၃) "ဂျပန်ခေတ်ကာလ"၊ အခန်း(၄) "ဂျပန်တော်လှန်ရေး"၊ အခန်း(၅) "အင်္ဂလိပ်နှင့်ဂျပန်ခေတ်ပန်းချီဆရာများ"၊ အခန်း(၆)"ဗိုလ်လက်ျာနှင့်အတူနေစဉ်"၊ အခန်း(၇) "ပန်းချီကဏ္ဍ"၊ အခန်း(၈) "ပန်းချီပညာနှင့်အမ်တင်အေး"၊ အခန်း(၉) "ဘဝတွင် ဖြတ်သန်းရသည့်အတွေ့အကြုံများ"၊ အခန်း(၁၀)"ဓာတ်ပုံကဏ္ဍ"တို့ပါဝင်ကြောင်း သိရသည်။

ယခုစာအုပ်ပါ ရွှေကျင်သား မောင်တင်အေးမှ ကောက်နုတ်ဖော်ပြရလျှင် ဂျပန်စစ်ကြောင်းချီတက်လာသည့်အခါတွင် မြို့သူ၊ မြို့သားများ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် လုံခြုံသည့်နေရာများသို့ သွားရောက်တိမ်းရှောင်နေခဲ့ကြသည်။ မောင်တင်အေးနှင့်မိသားစုဝင်များသည် ကွမ်းဆိပ်ရွာဘက်သို့ စစ်ပြေးကြရပါသည်။ ထိုအချိန်အခါက ရွှေကျင်မြို့ပတ်ဝန်းကျင် အနီးအနားတွင် တောတောင်ထူထပ်သည်က တစ်ကြောင်း. . . စာ-၁၅ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်

# ရန်ကုန်မြို့ရှိ စက်သုံးဆီနှင့် ဓာတ်ငွေ့တင်ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ စက်သုံးဆီတင်သင်္ဘော ၂၇၁ စီး ဝင်ရောက်ဆိုက်ကပ်



**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနယ်မြေရှိ စက်သုံးဆီနှင့် ဓာတ်ငွေ့တင်ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ ၁၁ လအတွင်း စက်သုံးဆီတင်သင်္ဘော (Tanker) ၂၇၁ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

ရန်ကုန်မြို့ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနယ်မြေရှိ စက်သုံးဆီနှင့် ဓာတ်ငွေ့တင်ဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ စက်သုံးဆီနှင့် ဓာတ်ငွေ့တင်သင်္ဘောကြီး ၂၇၁ စီး ဝင်ရောက်ဆိုက်ကပ်လာခဲ့ပြီး စက်သုံးဆီ ၄၂၇၀ ဒသမ ၃၅၄ တန် တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့စက်သုံးဆီ တင်သွင်းခဲ့ရာ၌ ဇန်နဝါရီလတွင် ၄၆၁ ဒသမ ၉၆၉ တန်၊ ဖေဖော်ဝါရီလတွင် ၅၆၂ ဒသမ ၈၁၆ တန်၊ မတ်လတွင် ၄၆၂ ဒသမ ၂၁၃ တန်၊ ဧပြီလတွင် ၁၆၈ ဒသမ ၇၇၇ တန်၊ မေလတွင် ၃၁၈ ဒသမ ၇၁၆ တန်၊ ဇွန်လတွင် ၃၅၂ ဒသမ ၀၆၁ တန်၊ ဇူလိုင်လတွင် ၃၀၄ ဒသမ ၁၂၄ တန်၊ ဩဂုတ်လတွင် ၄၁၁ ဒသမ ၅၄၅ တန်၊ စက်တင်ဘာလတွင် ၄၅၁ ဒသမ ၃၆၃ တန်၊ အောက်တိုဘာလတွင် ၄၀၂ ဒသမ ၄၉၆ တန်နှင့် နိုဝင်ဘာလတွင် ၃၇၄ ဒသမ ၂၇၄ တန် စုစုပေါင်း ဇန်နဝါရီလမှ နိုဝင်ဘာလကုန်ထိ ၁၁ လတာကာလအတွင်း စက်သုံးဆီ ၄၂၇၀ ဒသမ ၃၅၄ တန် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနယ်မြေတွင် စက်သုံးဆီတင်သင်္ဘောကြီးများ ဝင်၊ ထွက် ဆိုက်ကပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားအစင်းရေ ရှစ်စင်းထိရှိလာပြီဖြစ်ကြောင်း၊ ထိုသို့စက်သုံးဆီတင်သင်္ဘောကြီးများဆိုက်ကပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ရှစ်စင်းထိရှိလာပြီဖြစ်သည့်အပြင် အဆိုပါ စက်သုံးဆီဆိပ်ခံတံတားများရှိ စက်သုံးဆီသိုလှောင်ကန်များအနေဖြင့် ဒီဇယ်ဆီတန်ချိန် ၂ ဒသမ ၆၆ သန်း၊ ဂါလန်အားဖြင့် ဂါလန် ၇၆ သန်း၊ ဓာတ်ဆီတန်ချိန် ၂ ဒသမ ၉၉ သန်း၊ ဂါလန်အားဖြင့် ဂါလန် ၉၅ သန်းထိ သိုလှောင်ထားရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နှစ်စဉ် ဒီဇယ်ဆီတန်ချိန် ၃ ဒသမ ၄ သန်းကျော်နှင့် ဓာတ်ဆီနှစ်သန်းခန့် စုစုပေါင်း စက်သုံးဆီတန်ချိန် ငါးသန်းကျော်ထိ တင်သွင်းနိုင်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်ထိ သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနယ်မြေရှိ စက်သုံးဆီနှင့် ဓာတ်ငွေ့တင်ဆိပ်ကမ်းများသို့ စက်သုံးဆီနှင့် ဓာတ်ငွေ့တင်သင်္ဘောကြီး ၃၀၅ စီး ဝင်ရောက်ဆိုက်ကပ်လာခဲ့ပြီး စက်သုံးဆီ ၄၃၄၅ ဒသမ ၃၂၅ တန် တင်သွင်းနိုင်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ သတင်းများအရ သိရသည်။

(၃၃၆)

# နွားထိုးကြီးမြို့နယ် ကျီးကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နွားထိုးကြီး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးရှေးရှုပြီး ရာသီမရွေး ကျေးလက်ထုတ်ကုန်များ ကုန်စည်စီးဆင်းနိုင်ရန်အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျီးကန်ကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းနှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

နွားထိုးကြီးမြို့နယ် ကျီးကန်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် ချင်းမြေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ အရှည် လေးပေ ကိုးလက်မ၊ အကျယ် ပေ ၂၀၊ အမြင့် လေးပေ ကိုးလက်မရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်းဖြင့် တင်ဒါအောင် Eagle Force ကုမ္ပဏီက ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျီးကန်ကျေးရွာရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူအဆင်ပြေ သွားလာနိုင်မည်ဖြစ်ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဖက်ဒရယ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၊ တပ်မတော်ဘောလုံးစက်ရုံ၊ တပ်မတော်ဘီစကွတ်နှင့် ခေါက်ဆွဲစက်ရုံများသို့ သွားရောက်စစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်ဘီစကွတ်နှင့် ခေါက်ဆွဲစက်ရုံ(မှော်ဘီ)အတွင်း ဘီစကွတ်များထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)သည် အဖွဲ့ဝင်များနှင့်အတူ တပ်မတော်(ကြည်း) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းလေ့ကျင့်ရေးရုံးရှိ သင်တန်းဌာနများအလိုက် ရုံးခန်းများ၊ သင်တန်းသား စာသင်ဆောင်များ၊ သင်တန်းခန်းမဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သင်တန်းရုံးရှင်းလင်း ဆောင်၌ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

